# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 15 April 2025 ၁၁၇၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ဆင်သေရေလှောင်ဆည် ကျောက်နံရံအောက်မှ ထူးပေါက်ဖြစ်သောနေရာ၏ အထက်ဘက်တွင် စက်ယန္တရားများဖြင့် ယာယီမြေသားတမံလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ဆင်သေရေလှောင်ဆည်ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၄

မတ်လ ၂၈ ရက်နေ့ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဒဟတ်ကုန်းကျေးရွာအနီးရှိ ဆင်သေရေလှောင်ဆည် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# နိုင်ငံတော်ပြန်လည်ထူထောင်ရေး ညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၁၁ ရက်နေ့က မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်မှုများနှင့် ကြုံတွေ့ရသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ခံရသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားရာတွင် “မိမိတို့အနေဖြင့် နိုင်ငံရေးကို ဆောင်ရွက်နေခြင်း မဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်ဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ဆောင်ရွက်မှုများရှိလာသဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကို ခေတ္တတာဝန်ယူဆောင်ရွက်နေသော အစိုးရဖြစ်သည်။ နိုင်ငံရေးကို ဆောင်ရွက်နေသောအစိုးရမဟုတ်ဘဲ ဖြစ်ပေါ်လာသည့် နိုင်ငံ့အရေးများကို တည့်မတ်မှန်ကန်အောင် ပြန်လည်တည်ဆောက်ပေးနေသောအစိုးရဖြစ်သည်။ ကာလကန့်သတ်ချက်ဖြင့် နိုင်ငံကို တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ထာဝရတည်ရှိနေသော နိုင်ငံနှင့်ပြည်သူ ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ပြည်သူများအနေဖြင့် ခက်ခဲကြမ်းတမ်းမှုများစွာ ဖြတ်သန်းခဲ့ကြရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ပြင်းထန်ဆိုးရွားသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးဆိုးကြီးကို ကြုံတွေ့ခဲ့ကြရပြီး ပြည်သူပြည်သား အမြောက်အမြား ရောဂါကြောင့် သေဆုံးခဲ့ရသည်။ မဲမသမာမှုကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော အပြောင်းအလဲတွင် နိုင်ငံရေးပယောဂလှိုင်းတံပိုးဂယက် ရိုက်ခတ်မှုနှင့်ကြုံတွေ့ခဲ့ရသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆူပူအကြမ်းဖက်သောင်းကျန်းမှုများနှင့် ကြုံတွေ့ကြရပြီး အပြစ်မဲ့ပြည်သူ ရဟန်းရှင်လူအမြောက်အမြား သတ်ဖြတ်ခံခဲ့ရသည်။ ၂၀၂၃ ခုနှစ် မေလ၌ ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းဒဏ်ခံကြရပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂီမုန်တိုင်း နောက်ဆက်တွဲကြောင့် ပြည်သူများ ဆင်းရဲဒုက္ခရောက်ခဲ့ကြရသည်။ ယခု ၂၀၂၅ ခုနှစ်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးပျက်စီးခဲ့ရသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နှစ်အလိုက် ကြုံတွေ့ခံစားကြရသလို လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့ထက်တိုင် ကြုံတွေ့နေရသည့် မငြိမ်းချမ်းမှုအကျိုးဆက်များကို နိုင်ငံတော်နှင့် ပြည်သူများ ခါးစည်းခံစားနေကြရသည်။ အယူဝါဒကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ နိုင်ငံရေးစနစ် ကွဲပြားမှုများအပေါ် ပုံကြီးချဲ့သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ကြီးထွားလာအောင် ပြုလုပ်ခဲ့ကြသည်။ အစိုးရအဆက်ဆက်သည် ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်ခဲ့သော်လည်း ပြည်တွင်းရေးအခြေအနေများထက် ပြည်ပမှ အားပေးအားမြှောက် လှုံ့ဆော်ပါဝင်စွက်ဖက်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းနိုင်သေးဘဲ ယခုအချိန်အထိ ဆက်လက်တောက်လောင်လျက်ရှိသည်။

ယခုအခါ အလွန်ပြင်းထန်သည့် ငလျင်ဘေးဒဏ်ကို နိုင်ငံတကာမှ စာနာထောက်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းလက်တွဲဆောင်ရွက်ကြသည်။ အထောက်အကူပြုပစ္စည်းများပို့ဆောင်ပေးခြင်း၊ နိုင်ငံတကာမှ နိုင်ငံ့အကြီးအကဲများ၊ တာဝန်ရှိသူများ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများက ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခြင်းတို့ဖြင့် ဖေးမကူညီကြသည်။ အလားတူ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် တာဝန်သိ မိဘပြည်သူအားလုံးကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပါဝင်ကူညီကြသည်။ စုစည်းညီညွတ်သောအားဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကို စိတ်ဓာတ်ခိုင်မာမှု၊ ယုံကြည်မှု၊ အပြန်အလှန် ဖေးမကူညီမှုတို့ဖြင့် အခက်အခဲများကို ကျော်ဖြတ်လျက်ရှိသည်။

ထိုသို့သော အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအဖုံဖုံရှိနေသောကြောင့် မြန်မာနိုင်ငံအနေဖြင့် အခွင့်အလမ်းကောင်းများစွာ ရှိပါသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျရသည့်အဖြစ်များနှင့် ကြုံနေရသည်။ သို့သော် အခက်အခဲများ၊ စိန်ခေါ်မှုများကို အခွင့်အလမ်းကောင်းများ၊ အခြေအနေကောင်းများအဖြစ် ပြောင်းလဲနိုင်သည်။ ယင်းသည် စည်းလုံးညီညွတ်မှုဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိလျှင် မည်သည့်စီးပွားရေးစနစ်မဆို အောင်မြင်မည်မဟုတ်၊ မည်သည့် နိုင်ငံရေးစနစ်ကိုမျှ ခိုင်ခိုင်မာမာ ဦးဆောင်နိုင်မည်မဟုတ်၊ မည်သည့်လူမှုရေးစနစ်မျှ အေးချမ်းသာယာဝပြောမည်မဟုတ်ပေ။ သို့ဖြစ်ရာ တည်ဆဲအစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်ပေးနေသော အစိုးရဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သားများကိုချစ်သည့်စိတ်၊ မြန်မာကိုချစ်သည့်စိတ် မွေးမြူပြီး စုစည်းညီညွတ်သောအင်အားဖြင့် ထိခိုက်နာကျင်ခဲ့သော တိုင်းပြည်ကို ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်/ ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။

(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးအချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၁၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၄-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၆-၄-၂၀၂၅)ရက်နေ့၊ ည (၈:၀၁) နာရီမှ (၁၃-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅၁၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (MyanmarCDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၁၄

၂၀၂၅ ခုနှစ် ဧပြီ ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၃၂ မိနစ် ၃၁ စက္ကန့်တွင် နေပြည်တော် ငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တောင်တွင်းကြီးမြို့၏ တောင်-အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၆ ဒီဂရီ အနက် ၁၁ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ သုညအဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## ၁၄ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ဆင်သေရေလှောင်ဆည် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဆင်သေရေလှောင်ဆည်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ဆင်သေရေလှောင်ဆည်၏ ရေပေးမြောင်းမကြီးတစ်လျှောက်နှင့် လက်တံမြောင်းများ၏ ကျောက်နံရံများ ပြိုကျပျက်စီးခဲ့မှုအခြေအနေများ၊ အဆိုပါပျက်စီးခဲ့သည့် ရေလှောင်ဆည်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တာဝန်ယူပြုပြင် မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၈ ရက်တွင် စတင်ဆည်ရေများ ပြန်လည်ပေးဝေနိုင်ခဲ့မှု အခြေအနေများ၊ စိုက်ဧကများ ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ခဲ့မှု အခြေအနေများ၊ နောက်ဆက်တွဲငလျင်များကြောင့် ဧပြီ ၁၂ ရက် နံနက် ၃ နာရီတွင် ဆင်သေရေလှောင်ဆည် ကျောက်နံရံအောက်မှ ထူးပေါက်ဖြစ်ပေါ်ခဲ့ပြီး ရေထိန်းနိုင်မှုမရှိဘဲ ရေလှောင်ဆည်မှရေများ ဆင်သေချောင်းအတွင်းသို့ စီးဆင်းသွားခဲ့ရာ နွေစပါးနှင့် အခြားသီးနှံစိုက်ဧက ၁၀၈၄၈ ဧကသို့ ရေပေးနိုင်မှု ခေတ္တရပ်တန့်ခဲ့ရသည့် အခြေအနေနှင့် ထူးပေါက်ဖြစ်သောနေရာ၏ အထက်ဘက် မြေသားဖြင့် ပိတ်ဆို့နိုင်ရေးစီမံ၍ ယာယီမြေသားတမံ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**❖ ထူးပေါက်ပျက်စီးသွားသည့် တမံအပိုင်းနှင့် ရေထွက်ပေါက်များပျက်စီးနေမှုကို စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ ပြန်လည်ပြုပြင်ခြင်းသို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ယာယီမြေသားတမံတည်ဆောက်၍ ရေစုဆောင်းခြင်းလုပ်ငန်းများအား အဆင့်လိုက်၊ အပိုင်းလိုက် တာဝန်ရှိသူများက စက်ယန္တရားများဖြင့် နေ့ညမပြတ်ဆောင်ရွက်လျက်ရှိ**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ဆင်သေရေလှောင်ဆည် ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများ အပေါ် ၎င်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆည်ရေသောက်လယ်များသို့ အချိန်တိုအတွင်း ရေပေးဝေနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မတ် ၂၈ ရက်နှင့် ဧပြီ ၁၂ ရက် ငလျင်ဒဏ်ကြောင့် ထူးပေါက်မှုတစ်ဆင့် ရေပိုလွှဲဆည်အတွင်း ရေများလေလွင့် ဆုံးရှုံးရမှုအခြေအနေနှင့် ယာယီပြုပြင်နေမှု၊

**စာမျက်နှာ ၄ သို့ ☆**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆင်သေရေလှောင်ဆည်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**❒ ဆင်သေရေလှောင်ဆည်သည် ဆင်သေချောင်းပေါ်တွင် တည်ဆောက်ထားရှိပြီး ရေဆင်းဧရိယာ ၈၀ စတုရန်းမိုင်၊ အကျယ် ပေ ၉၃၀၊ တမံအမြင့် ပေ ၂၀ ရှိသည့် သံကူကွန်ကရစ်အမျိုးအစား ရေလွှဲဆည်ဖြစ်ပြီး ဆင်သေချောင်းမှတစ်ဆင့် လက်ယာတူးမြောင်းသို့ တိုက်ရိုက် ရေသွင်းနိုင်ရေးနှင့် လက်ဝဲတူးမြောင်းသို့ ရေစုဆောင်းလျက် အမြန်ဆုံးရေတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ လက်ယာတူးမြောင်းမှ မေ ၁၇ ရက်တွင်လည်းကောင်း၊ လက်ဝဲတူးမြောင်းမှ မေ ၂၂ ရက်တွင်လည်းကောင်း ဆည်ရေသောက်ကေများအားလုံး ရေဖြန့်ပေးဝေနိုင်မည်**

☆ စာမျက်နှာ ၃ မှ

ဆည်ရေသောက် လယ်များသို့ လက်ယာ/လက်ဝဲ မြောင်းများမှ ရေအမြန်ဆုံး ပေးဝေနိုင်ရေး စက်ယန္တရားများဖြင့် ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဆင်သေရေလှောင်ဆည်သည် ဆင်သေချောင်းပေါ်တွင် တည်ဆောက်ထားရှိပြီး ရေဆင်းဧရိယာ ၈၀ စတုရန်းမိုင်၊ အကျယ် ပေ ၉၃၀၊ တမံအမြင့် ပေ ၂၀ ရှိသည့် သံကူကွန်ကရစ်အမျိုးအစား ရေလွှဲဆည်ဖြစ်ပြီး ဆင်သေချောင်းမှတစ်ဆင့် လက်ယာတူးမြောင်းသို့ တိုက်ရိုက် ရေသွင်းနိုင်ရေးနှင့် လက်ဝဲတူးမြောင်းသို့ ရေစုဆောင်းလျက် အမြန်ဆုံးရေတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ လက်ယာတူးမြောင်းမှ မေ ၁၇ ရက်တွင် လည်းကောင်း၊ လက်ဝဲတူးမြောင်းမှ မေ ၂၂ ရက်တွင် လည်းကောင်း ဆည်ရေသောက်ကေများအားလုံး ရေဖြန့်ပေးဝေနိုင်မည် ဖြစ်ကြောင်းသိရပြီး တစ်ချိန်တည်းမှာပင် ထူးပေါက်ပျက်စီးသွားသည့် တမံအပိုင်းနှင့် ရေထွက်ပေါက်များ ပျက်စီးနေမှုကို စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များ အပေါ် မူတည်၍ ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည် တည်ဆောက်ခြင်း၊ ယာယီ မြေသားတမံ တည်ဆောက်၍ ရေစုဆောင်းခြင်း လုပ်ငန်းများအား အဆင့်လိုက်၊ အပိုင်းလိုက် တာဝန်ရှိသူများမှ စက်ယန္တရားများဖြင့် နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အနည်းငယ်သာထိခိုက်**

ဆင်သေရေလှောင်ဆည် အထက်ပိုင်းရှိ ဆင်သေရေလှောင်တမံမှာ တပ်ကုန်းမြို့နယ် မယ်ဇလီကျင်း ကျေးရွာအနီးရှိ ရေဆင်းဧရိယာ ၃၈၀ စတုရန်းမိုင်၊ တမံအလျား ပေ ၁၃၅၀၊ တမံအမြင့် ၁၀၉ ပေရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် အနည်းငယ်သာ ထိခိုက်ခဲ့ပြီး ဘူမိရူပဗေဒတိုင်းတာစနစ်နှင့် မျက်မြင်စစ်ဆေးချက်များအရ တမံ၏ကြံ့ခိုင်မှုအား ထိခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် ဆင်သေရေလှောင်တမံ၏ အခြေအနေမှာ စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများ၏ မိသားစုများ စိတ်ခွန်အားဖြစ်စေရေးနှင့် သက်ကြီးကာလ စိတ်ချမ်းမြေ့စေရေး ဆောင်ရွက်

နေပြည်တော် မေ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့သည် မေ ၁၄ ရက်က ဇေယျာသီရိမြို့နယ် ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့သော ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံသည်။



**မှာကြား**

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ထမ်းမိသားစုများ၏ ထိခိုက်ပျက်စီး ဆုံးရှုံးမှုများအပေါ် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ အကောင်းဆုံး အဆင်အပြေဆုံး ဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်အပြီး မိမိနှင့် မိသားစုများ ကျန်းမာရေးကို ဂရုစိုက်ကြစေလိုကြောင်း၊ မိမိတို့ အိပ်ဆောင်များတွင်လည်း သတ်မှတ်စည်းကမ်းချက်များ၊ အခါအားလျော်စွာ ဌာနမှထုတ်ပြန်လာသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြစေလိုကြောင်း၊ မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းပြီး မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင် လုံခြုံရေးကိုလည်း အထူးဂရုစိုက်ကြရန် မှာကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ လှူဒါန်းသည့် နှစ်သစ်ကူးအတာသင်္ကြန် အကျနေ့ စတုဒိသာကို အတူသုံးဆောင်ကြသည်။

အလားတူ နှစ်သစ်ကူး အတာသင်္ကြန် အကျနေ့ စတုဒိသာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မိသားစုက စိုက်ပျိုးရေးသိပ္ပံ ပျဉ်းမနားတွင် လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက စိုက်ပျိုးရေးတက္ကသိုလ်တွင် လည်းကောင်း၊ စီမံကိန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့က စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် လည်းကောင်း ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၁၄

မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်တော်၊ ရတနာစံကျောင်းတော် အချို့နေရာများ၊ ဒေသစာရီ ကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘုရားဖူးဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘုရားဂေါပကအဖွဲ့မှ ဘုရားကျောင်းတော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့သည်။

ယခုအခါ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၉၆၉၆၁၀၀၀ ရရှိခဲ့ပြီဖြစ်ကြောင်းနှင့် ဘုရားဖူးပြည်သူများ အမြန်ဆုံးပြန်လည် လာရောက်ဖူးမြော်နိုင်ရေးအတွက် ထိခိုက်ပျက်စီးသွားသည့် စံကျောင်းတော် အစိတ်အပိုင်းများကို ကျွမ်းကျင်ပညာရှင်များဖြင့် အရှိန်အဟုန်မြင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် မေ ၁၄ ရက်အထိ သေဆုံးသူ ၃၆၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၂၄ ဦးနှင့် ပျောက်ဆုံးသူ ၁၂၉ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၄၃ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လေယာဉ် သုံးစင်းဖြင့် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၇၆ ဒသမ ၅၉၆ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်နှင့် သုံးရေများဖြည့်တင်းရေး ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နှစ်ကူးသင်္ကြန်အခါသမယတွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ အေးချမ်းကြပါစေကြောင်းရည်ရွယ်၍ အတာရေများ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၁၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မေ ၁၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့်အတူ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ငလျင်ဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများအား အမိုးအကာအောက် ရောက်ရှိစေရေးနှင့် စားဝတ်နေရေး အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက် လျက်ရှိကြောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများတွင် ယာယီ စာသင်ဆောင်များ ဆောက်လုပ်ပေးနိုင်ရေး၊ ပျက်စီးခဲ့သည့် အဆောက်အအုံများအား စနစ်တကျ ပြန်လည်ရှင်းလင်းဖယ်ရှားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စာရင်းဇယားများ မှန်မှန်ကန်ကန် ကောက်ယူနိုင်မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများ အတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**




# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆားစသည့် ကုန်မျိုးစုံအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည်ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၁၆ ရက်မြောက်နေ့အဖြစ်ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

**ရောင်းချပေး**

မတ် ၃၀ ရက်မှ မေ ၁၄ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊



နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့(မနောသုခ-Export Quality) ၈၇၅၅ အိတ်၊ ဆန် ငါးပြည်ဆံ့(ဖျာပုံပေါ်ဆန်း) ၁၉၄၅ အိတ်၊ ဆီ ပိဿာ ၂၁၁၇၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၃၇၇၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါ ဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၅၃၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

**ဆက်လက်ရောင်းချပေးသွားမည်**

အလားတူ မန္တလေးမြို့တွင်ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့(မနောသုခ) ၄၂၄ အိတ်၊ စားအုန်းဆီ ပိဿာ ၃၀၈၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့(ရွှေဝါထွန်း) ၂၂၄ အိတ်၊ စားအုန်းဆီ ပိဿာ ၃၃၀၀၊ ကြက်ဥ အလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နေပြည်တော်ရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်ရန် ယာယီအဆောက်အအုံများ တည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး



**နေပြည်တော် မေ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် နေပြည်တော်ရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်ရန်အတွက် ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ယာယီပြောင်းရွှေ့ ဝန်ထမ်းမိသားစုများနှင့်အတူ နှစ်သစ်ကူးအေးချမ်းသကြံန်စတုဒိသာအလှူတော်အား တက်ရောက်အားပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သစ်တောဦးစီးဌာနဝင်းအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်ရန်အတွက် အိပ်ဆောင်နှင့် သုံးခန်းတွဲနေအိမ်များ တည်ဆောက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းနေအိမ်များအား မိုးမကျမီ အချိန်မီပြီးစီးရေးနှင့် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၁၉)နှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနရုံးအတွင်း ဝန်ထမ်းမိသားစုများ နေထိုင်ရန် ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၂) သင်တန်းကျောင်းသို့သွားရောက်၍ ဝန်ထမ်းမိသားစုအတွက် ငလျင်ဘေးဒဏ် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် သစ်ခွဲသားများ စုပုံထားမှုအခြေအနေနှင့် သစ်ခွဲသားများရောက်ရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ရှိမြန်မာ့သစ်လုပ်ငန်း အမှတ်(၂) သင်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းရုံးနှင့် ဇေယျာသီရိမြို့နယ် ရေဆင်းရှိသစ်တောသုတေသနဌာနအတွင်း ပြုလုပ်သော နှစ်သစ်ကူးအေးချမ်းသကြံန်နှင့် စတုဒိသာ အလှူတော်များအား ယာယီပြောင်းရွှေ့ ဝန်ထမ်းမိသားစုများနှင့်အတူ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ငလျင်ဘေးဒဏ်ခံစားခဲ့ရသော ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရေးနှင့် ယာယီရုံးများ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

နေပြည်တော်ရှိ မန္တလေး ငလျင်ကြီးဒဏ် ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာန ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရေးနှင့် ယာယီရုံးများ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး တစ်ရပ်ကို နေပြည်တော်ရှိစွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)တွင် ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်ဝန်ကြီးဌာနဆိုင်ရာ အဆောက်အအုံများ စစ်ဆေးရေးကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်အတွက် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို အမြန်ဆုံးပြန်လည်ပြုပြင် မွမ်းမံသွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် မလိုအပ်ဘဲ ကုန်ကျစေခြင်းမျိုးမရှိအောင် ပြန်လည် ဆယ်တင်နိုင်သည့် နိုင်ငံတော်ပိုင် အဆောက်အအုံများကို သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ သေသေချာချာ စစ်ဆေး၍ အတည်ပြုချက်ရယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဖွဲ့စည်းထားပြီးဖြစ်သည့် ကျွမ်းကျင်သူများပါဝင်သော အဆောက်အအုံများ စစ်ဆေးရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများ ပူးပေါင်း၍ ရုံးများ၊ ဝန်ထမ်းအိမ်ရာများကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေသည့်ကာလတွင် Aftershock ကို ခံနိုင်ရည်ရှိစေရေး Steel Structure များဖြင့် ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း အလေးအနက်ထား မှာကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနကော်မတီနှင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဘာဝမြေငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)၊ ရုံးအမှတ်(၄၄) အဆောက်အအုံများ၊ အထူးအဆောက်အအုံများ၊ ယာယီရုံးဆောက်လုပ်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာအား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာ (Smart Village)သို့ သွားရောက်၍ ကျေးရွာသောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တည်ဆောက် ပေးထားသော အမြင့်တင်ရေစင်၏ ငလျင်ဒဏ်ထိခိုက်မှုအခြေအနေနှင့် ကျေးရွာရေပေးရေးလုပ်ငန်းများ အဆင်ပြေမှု ရှိ/ မရှိ ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်**

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ကျေးရွာမူလတန်းလွန်ကျောင်းတွင် ကျေးရွာလူထုနှင့် တွေ့ဆုံ၍ နွေစပါးစိုက်ခင်းများ အောင်ရေရရှိရေး ညှိနှိုင်းဆွေးနွေးပြီး လာမည့်မိုးရာသီတွင် စိုက်ပျိုးမည့် မိုးမြေပဲကေ ၃၀၀ ကျော် အောင်မြင် ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်၊ မိုးနှောင်းဝါ စိုက်ပျိုးရေးအတွက် RAKA-၆၆၆ ဝါမျိုးများ လုံလောက်စွာရရှိရန်၊ မိုးစပါးကိုလည်း ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အေးချမ်းသာကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျား ရေသန့်စင်ကားဖြင့် အထိုင်ချကာ သောက်သုံးရေဖြန့်ဝေပေးနေမှုအား ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ ကျေးရွာသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းကိုဆောင်ရွက်ပေးခဲ့သော ကျေးရွာဖြစ်ရာ အဆိုပါစီမံကိန်း လုပ်ငန်းစဉ်များထဲတွင်ပါဝင်သော စက်ရက်ကန်းအလုပ်ရုံကို လည်းကောင်း၊ အစုအဖွဲ့ဖြင့် ဆောင်ရွက်နေသာ စံပြဝက်မွေးမြူရေးခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် လူပျိုဆောင်၊ အပျိုဆောင်များသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ရေ၊ မီး အဆင်ပြေမှုရှိ/ မရှိနှင့် အဆောင်လုံခြုံရေးကိစ္စများအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန် ရေိယာအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးသင်္ကြန် ဆင်နွှဲနေမှုများကို တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၁၄

နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ရေအေးသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များဖြင့် ယနေ့သင်္ကြန်(အကျ) နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားတောင်ညို လမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာ လမ်းဆုံရေိယာအတွင်း ကျင်းပလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်လမ်းလျှောက်သင်္ကြန်ရေိယာအတွင်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနေသည့် ပြည်သူများနှင့် ဝန်ထမ်းများ စားသုံးနိုင်ရန် ခေါက်ဆွဲဘူးများနှင့် နှစ်ဟောင်းမှ အဆိုးအညစ်တို့ နှစ်သစ်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားခြင်းဖြင့် သန့်စင်နိုင်ရန် ရည်ရွယ်၍ ရေဖလားများ ဝေငှပေးသည်။

ထို့နောက် အေးသင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများအတွက် စတုဒိသာအဖြစ် မြန်မာ့ရိုးရာ မုန့်များကျွေးမွေးနေမှု၊ အေးသင်္ကြန်မဏ္ဍပ်များ အတွင်း တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာ သပြေခက်ဖြင့် ရေပက်ကစားခြင်းနှင့် နှစ်ဟောင်းမှ အဆိုးအညစ်တို့ ပျောက်စေပြီး အကောင်းအသန့်တို့ ရောက်စေရန်ရည်ရွယ်၍ ရေဖလားများဖြင့် ရေပက်ကစားခြင်းတို့ကို ကြည့်ရှုအားပေးသည်။

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှစ်စဉ် ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်လည်း ယခုနှစ်မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့် ဒေသများရှိ ပြည်သူအများအပြား ထိခိုက်နစ်နာမှုများရှိခဲ့သဖြင့် ယခုနှစ်တွင် မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ နိုင်ငံတော်က အေးချမ်းသာယာသော သင်္ကြန်(အေးသင်္ကြန်) အဖြစ် ကျင်းပ ဆောက်ရွက်လျက်ရှိသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့်လည်း သနပ်ခါးဇုန်ကို ထည့်သွင်းထားရာ ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် သနပ်ခါးကို ထိန်းသိမ်းသည့်အနေဖြင့် မြတ်နိုးစွာ လိမ်းခြယ်နိုင်ရေး စီမံဆောင်ရွက်ထားကြောင်း သိရသည်။

သတင်းစဉ်

## အေးသင်္ကြန်

❖ အေးသင်္ကြန်ဖြင့်
ဘေးရန်ဟူသမျှ ဝေးကြပါစေ။

❖ သင်္ကြန်ရေအေး၊ ပက်ဖျန်းသွေးလျက်
ဆေးကြောစွာချ၊ ဆိုးဒုက္ခနှင့်
သောကများထွေ လွင့်ပြယ်စေ။

❖ သင်္ကြန်ရေသည်၊ အေးမြကြည်သို့
ပြည်သူခပ်သိမ်း၊ အပူငြိမ်းလျက်
လိမ်းကျံပါးကွက်ကြား၊ သနပ်ခါးနှင့်
လျှော့ပါးပါစေ အပူတွေ။

❖ အတာရေဖျန်း မာပါစေ။
မြန်မာပြည်တစ်ဝန်း သာယာစေ။ ။

မျိုးမြတ်မြတ်မြင့်မောင်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဧပြီ ၁၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ




## ကျိုက်လတ်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများ ဆောင်ရွက်

ကျိုက်လတ် ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်တွင် ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းကို ယနေ့ညနေ ၄ နာရီက အမှတ်(၄) ရပ်ကွက် ဗိုလ်ချုပ်လမ်း(၁၀)ဖြတ်လမ်းထိပ်ရှိ ရွှေလတ်ရော စတုဒိသာမဏ္ဍပ်၌ ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ကျင်းပရာ ပြည်သူများ အေးချမ်းစွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းကာ မြို့နယ်စတုဒိသာမဏ္ဍပ်ဖွင့်လှစ်၍ ယဉ်ကျေးမှု အစဉ်အလာအတိုင်း သပြေခက်ဖြင့် ရေပက်ဖျန်းဆော့ကစားကြပြီး စတုဒိသာကျွေးမွေးမှုများဖြင့် ကုသိုလ်ပြုဆောင်ရွက်ကြကြောင်းနှင့် စတုဒိသာကျွေးမွေးမှုအား ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) မှစ၍ ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့) အထိ နေ့စဉ်ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

## ကျုံပျော်မြို့နယ်၌ သင်္ကြန်အကျနေ့ မြန်မာ့ရိုးရာအစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်း ဆောင်ရွက်

ကျုံပျော် ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ သင်္ကြန်အကျနေ့တွင် မြန်မာ့ရိုးရာအစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ယနေ့နံနက် ၇ နာရီက စတင်ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ



ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ ပူးပေါင်း၍ မြန်မာ့ရိုးရာသင်္ကြန် အစဉ်အလာနှင့်အညီ ရေကစားခြင်း၊ သနပ်ခါးလိမ်းခြယ်ပေးခြင်း၊ စတုဒိသာ ဧည့်ခံကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဟာသင်္ကြန်ကာလ ချောင်းသာကမ်းခြေတွင် ပြည်သူများလာရောက်အပန်းဖြေ

ချောင်းသာ ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ၌ မဟာသင်္ကြန်ကာလတွင် ပြည်သူများ လာရောက်အပန်းဖြေလျက်ရှိရာ မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းက အပန်းဖြေလာရောက်သူများဖြင့် များပြားလျက်ရှိသည်။

ချောင်းသာမြို့သို့ နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သည့် မဟာသင်္ကြန်ကာလတွင် ခရီးသည်ဝင်ရောက်မှုများပြားပြီး ကမ်းခြေတွင် ဧည့်သည်များအေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရေးနှင့် ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချစေရေးတို့ကို မြို့အုပ်ချုပ်ရေးမှူးဦးသီဟအောင်နှင့် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။



ချောင်းသာမြို့သို့ ရောက်ရှိလာသည့် ခရီးသွားဧည့်သည်များအနေဖြင့် ချောင်းသာကမ်းခြေအပြင် ဖိုးကုလားကျွန်း၊ သဲဖြူကျွန်းတို့သို့ စက်လှေ၊မော်တော်ဘုတ်များ၊ ကျောက်မောင်နှမသို့ ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ်နိုင်သည့်အပြင် ဒေသထွက်အစားအစာ၊ အမှတ်တရပစ္စည်းရောင်းချရာနေရာတို့တွင်လည်း လှေလာကြည့်ရှုဝယ်ယူနိုင်သည့်နေရာများလည်း ရှိကြောင်း သိရသည်။

ချောင်းသာ (ပြန်/ဆက်)

# လျှော်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာ သတိပြုရမည့်အချက်များ

ဒေါက်တာသန်းနိုင်စိုး

၂၈-၃-၂၀၂၅ ရက်နေ့တွင်အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးတို့တွင် အဆိုပါငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရပါသည်။ ထိုဒေသများတွင် နေအိမ်အဆောက်အအုံ တိုက်တာများပြိုကျခြင်း၊ လျှပ်စစ်မီး၊ သောက်သုံးရေကဲ့သို့သော အခြေခံလိုအပ်ချက်များပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ပါသည်။

ထိုငလျင်ဘေးသင့်ဒေသများတွင် နေထိုင်သူအများစုသည်လည်း မိမိတို့၏နေအိမ်များတွင် ဆက်လက်နေထိုင်ရန် မသင့်တော်သောကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်ခြင်းနှင့် မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့နေထိုင်သူများအနေဖြင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန် လိုက်နာရမည့်အချက်များကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် **“မြေငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာသတိပြုရန်အချက်များ”** ကို မေ ၇ ရက်မှစတင်၍ နိုင်ငံပိုင်သတင်းစာများနှင့် အင်တာနက်စာမျက်နှာများတွင် ထည့်သွင်းဖော်ပြပြီးဖြစ်ပါသည်။



၉-၄-၂၀၂၅ ရက်နေ့က မန္တလေးငလျင်ကြီးဘေးသင့်ဒေသဖြစ်သည့် မိတ္ထီလာမြို့နယ် ပေါက်ချောင်းရပ်ကွက် ရွှေကျောင်းစုရပ်တွင် အခြေခံကျန်းမာရေးဝန်ထမ်းများက ရေသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

ယာယီ ရွှေ့ပြောင်းနေထိုင်သူပြည်သူများအနေဖြင့် လတ်တလောအခြေအနေများအရ ကြုံတွေ့နိုင်သည့် အဓိကကျန်းမာရေးပြဿနာများမှာ ကူးစက်ရောဂါများအန္တရာယ်၊ မြွေနှင့် အဆိပ်ရှိသတ္တဝါများအန္တရာယ်နှင့် အပူဒဏ်အန္တရာယ်တို့ဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်ကျရောက်ပြီးနောက် ဖြစ်ပွားနိုင်ခြေများပြားသည့် ကူးစက်ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မျက်စိနာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါတို့ဖြစ်ပြီး မြွေနှင့်အခြားအဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ်ကိုလည်း သတိပြု၍ကာကွယ်ရမည် ဖြစ်ပါသည်။

ကူးစက်ရောဂါအန္တရာယ်မှ ကာကွယ်ရန် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ချက်ပြုတ်စားသောက်ရာတွင်လည်းကောင်း၊ အလှူရှင်များက လာရောက်ဝေငှသောထမင်းဘူးများနှင့် စားစရာများကို စားသောက်ရာတွင်လည်းကောင်း ပူပူနွေးနွေးချက်ချင်းစားသောက်ရန်လိုအပ်ပါသည်။ အစားအစာများကို ထိုသို့ချက်ချင်းစားသုံးခြင်းမပြုဘဲ နေ့ဖို့ညစာအဖြစ် သိုလှောင်သိမ်းဆည်းထားပါက ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ဗက်တီးရီးယားပိုး စသည့်ရောဂါပိုးများပေါက်ပွားလာ၍ အစာအဆိပ်သင့်ခြင်းဖြစ်ပွားပြီး အချိန်မီဆေးကုသမှုမရရှိပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

အလှူရှင်များအနေဖြင့်လည်း အစားအစာများကို လှူဒါန်းရာတွင် ချက်ပြုတ်ပြီးအစားအစာများကို လှူဒါန်းခြင်းမပြုဘဲ ပူပူနွေးနွေးချက်ပြုတ်စားသောက်နိုင်မည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန်လတ်ဆတ်သောအသား၊ ငါးစသည်တို့ကို ပေးပို့လှူဒါန်းခြင်းများပြုလုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက **“အလှူရှင်များလိုက်နာရန် ပန်ကြားချက်”** ကို မေ ၅ ရက်မှစတင်၍ နိုင်ငံပိုင်မီဒီယာများနှင့် အင်တာနက်စာမျက်နှာများမှ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

အဆိုပါပန်ကြားချက်တွင် အထက်ဖော်ပြပါ ပူပူနွေးနွေးချက်ပြုတ်စားသောက်နိုင်မည့် အစားအသောက်များကို ပေးပို့လှူဒါန်းရာ၌ မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့များထံသို့သာ လှူဒါန်းပေးရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ပြီး စခန်းအလိုက် တာဝန်ကျကျန်းမာရေးဝန်ထမ်းများကလည်း လှူဒါန်းလာသည့် အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသည်းရောင်အသားဝါ၊ အေနှင့်အီးရောဂါ စသည့် မသန့်ရှင်းသည့်အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများမှကာကွယ်ရန်အတွက် ရိုးရှင်းလွယ်ကူထိရောက်ပြီး မဖြစ်မနေဆောင်ရွက်သင့်သည့် ကာကွယ်ရေးနည်းလမ်းမှာ အစာသန့်၊ လက်သန့်၊ ရေသန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို လိုက်နာဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ သန့်ရှင်းသည့်အစားအစာကို ရွေးချယ်စားသုံးရာတွင် ကျက်အောင်ချက်ပြုတ်ထားသည့် အစားအစာများကို ပူပူနွေးနွေးစားသုံးရန် လိုအပ်သကဲ့သို့ ယင်နားစာ၊ စားသုံးချိန်ကျော်လွန်နေသည့်အစာ၊ သိုးနေသည့်အစာ စသည့် မသန့်ရှင်းသည့် အစားအစာများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

သန့်ရှင်းသောသောက်ရေကိုသာ သောက်သုံးရမည်ဖြစ်ပြီး သောက်သုံးရေသည် FDA အသိအမှတ်ပြုသောက်ရေသန့် သို့မဟုတ် ရေသန့်စင်ဆေးပြားခတ်ထားသောရေဖြစ်မှသာ သောက်သုံးရန်သင့်ပါသည်။ ထို့အတူ အစားအသောက်ပြင်ဆင်ချက်ပြုတ်ရာတွင်လည်းကောင်း၊ ပန်းကန်ဆေးရေ စသည့် ရေသုံးစွဲရာတွင်လည်းကောင်း ရေသန့်စင်ဆေးပြား သို့မဟုတ် ကလိုရင်းဆေးမှုန့် (Bleaching Powder) ခတ်ထားသောရေကိုသာ အသုံးပြုသင့်ပါသည်။

လက်သန့်စင်ရေးအတွက် အစားအသောက်မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျလက်ဆေးရမည်ဖြစ်ပြီး လက်သည်းရှည်များညှပ်ခြင်း၊ ရေချိုးသန့်စင်ခြင်းစသည့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အမြဲသတိပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။

- ✻ **အပူဒဏ်ကြောင့် ခန္ဓာကိုယ်အတွင်းမှ ရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ချွေးထွက်များပါက ရေနှင့်ဓာတ်ဆားရည်ကို အလုံအလောက်ပြန်လည်သောက်သုံးရန်နှင့် မိတ်ဖု သို့မဟုတ် အယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် အဓိကအားဖြင့် ရေကိုသောက်သုံးသင့်ပြီး ချွေးထွက်များ၍ ဓာတ်ဆားရည်သောက်သုံးပါက ချိန်ဆ၍ သောက်သုံးရမည်**
- ✻ **အထက်ပါအချက်များအပြင် ငလျင်ဘေးသင့်ရာဒေသများတွင် ငလျင်ငယ်များဆက်တိုက်လှုပ်ခတ်ခြင်းများ ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ပျက်စီးနေသောအဆောက်အအုံများ၊ ကြံ့ခိုင်မှုစစ်ဆေးထားခြင်းမရှိသည့် အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ခြင်းကို ရှောင်ကြဉ်ရမည်**

အညစ်အကြေးစွန့်ထုတ်ရာတွင် မိမိတို့နေထိုင်ရာအနီးပတ်ဝန်းကျင်တွင် အလေး၊ အပေါ့သွားခြင်းနှင့် စားကြွင်းစားကျန် အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းကြောင့် မိမိတို့နေထိုင်ရာနေရာတွင် ကျန်းမာရေးထိခိုက်နိုင်သည့် မကောင်းသည့် အနံ့အသက်များရခြင်း၊ စွန့်ပစ်ရာနေရာများတွင် ယင်ကောင်များပေါက်ပွားရာမှ ဝမ်းရောဂါကဲ့သို့ ကူးစက်ရောဂါများဖြစ်ပွားနိုင်ခြင်းတို့ကြောင့် လုံးဝရှောင်ကြဉ်ရမည်ဖြစ်ပြီး ယာယီနေထိုင်ရာနေရာများတွင် စနစ်တကျဆောက်လုပ်ပေးထားသည့် ယင်လုံအိမ်သာများကိုသာအသုံးပြုခြင်းနှင့် စားကြွင်းစားကျန်များနှင့် အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ခြင်းတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့အပြင် ယခုကဲ့သို့ သင်္ကြန်အကြိုကာလတွင် မိုးရွာလေ့ရှိပြီး ရာသီဥတုပူပြင်းမှုကြောင့် ကူးစက်မြန်မျက်စိနာရောဂါကဲ့သို့ ရောဂါများဖြစ်ပွားနိုင်ခြေများပြားသည်ကို သတိပြုရမည်ဖြစ်ပါမည်။ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသည့် ကူးစက်မြန်မျက်စိနာရောဂါသည် ယာယီစုပေါင်းနေထိုင်ရာနေရာများနှင့်စခန်းများတွင် တစ်ဦးမှတစ်ဦး အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်ပါသည်။ ထို့ကြောင့် မျက်မှန်တပ်ဆင်သူများအနေဖြင့် မိမိမျက်မှန်သန့်ရှင်းစေရန်အတွက် မကြာခဏသန့်စင်ပေးရန် လိုအပ်ပြီး နေထိုင်ရာပတ်ဝန်းကျင်တွင် မျက်စိနာရောဂါဖြစ်ပွားသူရှိပါက ထိုသူ၏အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင်ပစ္စည်းများကို အခြားသူများနှင့် မျှဝေသုံးစွဲခြင်းလုံးဝမပြုလုပ်ဘဲ ထိုသူ၏ အဝတ်အစားများကို သီးသန့်လျှော်ဖွပ်သန့်စင်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယာယီ စုပေါင်းနေထိုင်ရာနေရာများတွင် ရာသီတုပ်ကွေးရောဂါနှင့် တီဘီရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သည့် ရောဂါများလည်း ကူးစက်ပြန့်ပွားနိုင်ပါသည်။ ထိုသို့ အသက်ရှူလမ်းကြောင်းဆိုင်ရောဂါများ ကူးစက်ဖြစ်ပွားခြင်းမရှိစေရန် အအေးမိခြင်း၊ ဖျားနာခြင်း၊ နှာချေ၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းတို့ဖြစ်ပွားသည့်အခါတွင် အခြားသူများအား ထပ်မံကူးစက်ခြင်းမဖြစ်စေရန် မိမိဘာသာ သီးခြားခွဲ၍ နေထိုင်ရန်လိုအပ်ပြီး နှာချေ၊ ချောင်းဆိုးသည့်အခါတွင် ပါးစပ်နှင့်နှာခေါင်းကို လုံအောင်အုပ်ရန်နှင့် အခြားသူများနှင့် ခပ်ခွာခွာနေရန်လိုအပ်ပါသည်။ ရက်သတ္တနှစ်ပတ်ကြာချောင်းဆိုးခြင်း၊ ညနေပိုင်းတွင် အဖျားငွေ့ငွေ့ဖျားခြင်း၊ လည်ပင်းအကျိတ်များထွက်ခြင်း၊ ကိုယ်အလေးချိန်များကျဆင်းလာခြင်းတို့ခံစားရပါက တီဘီရောဂါသံသယအဖြစ် အခြားသူများနှင့် သီးခြားခွဲ၍နေထိုင်ပြီး ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ရောဂါရှာဖွေကုသမှုခံယူရမည် ဖြစ်ပါသည်။

မိုးရွာသည့်အချိန် သို့မဟုတ် နံနက်ပိုင်း အအေးပိုလာချိန်တွင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း စသည်တို့ဖြစ်ပွားနိုင်ပြီး အသက်အရွယ်ကြီးရင့်သူများနှင့် အသက်ငါးနှစ်အောက်ကလေးငယ်များတွင် အအေးမိဖျားနာခြင်း၊ အဆုတ်အအေးမိရောင်ရမ်းခြင်းတို့ဖြစ်ပွားနိုင်၍ အအေးမမိစေရန် သတိပြုရမည်ဖြစ်ပါသည်။

စာမျက်နှာ ၉ သို့ ➔

## မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသ ကေလာကျေးရွာအုပ်စုရှိ နေအိမ်များ ပြန်လည်ထူထောင်ရေး ဆွေးနွေး

ညောင်ရွှေ ဧပြီ ၁၄

မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေး ဒေသ ကေလာကျေးရွာအုပ်စုရှိ နေအိမ်များ ပြန်လည်ထူထောင်ရေး အစည်းအဝေးကို ဧပြီ ၁၄ ရက် နံနက် ၁၁ နာရီက ကေလာကျေးရွာ ရှိ ငလျင်ဘေးဒဏ် ရှေ့တန်းကွပ်ကဲ မှုရုံး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ယိုင်လဲသွားသည့် နေအိမ်များ ပြန်လည်တည့်မတ်ခြင်း၊ ပြိုကျ ပျက်စီးသွားသည့် နေအိမ်များ သန့်ရှင်းရေး ဆောင်ရွက်ခြင်း လုပ်ငန်းများကိုပူးပေါင်းဆောင်ရွက် သွားရေး၊ ပျက်စီးသွားသည့်အထက (ခွဲ) ကေလာကျောင်းဆောင် အန္တရာယ်ကင်းစွာ ဖျက်သိမ်းရေး နှင့် ပြိုကျပျက်စီးသွားသည့်နေအိမ် များ သန့်ရှင်းရေးဆောင်ရွက် ပြီးစီးပါက အလှူရှင်များက နေအိမ် ဆောက်လုပ်ပေးမည့် အစီအစဉ် များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေး မှူးနှင့် ရာအိမ်မှူးများက ဆောင် ရွက်မည့်လုပ်ငန်းများနှင့် လိုအပ် ချက်များကို ဆွေးနွေးတင်ပြရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပေါင်းစပ်ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တာဝန်ခံညွှန်ကြားရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နိုင်ငံခြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်အတူ ကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ် (WFP)၏ တာဝန်ခံညွှန်ကြားရေးမှူး Mr. Paolo Mattei ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီး ဌာန၏ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC)၌ တွေ့ဆုံရာ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

တွေ့ဆုံစဉ်တွင် ပြည်ထောင်စု ဝန်ကြီးက ငလျင်ဘေးသင့်ဒေသ များ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ များ၊ အာဆီယံနှင့်နိုင်ငံတကာမှ ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့များ လာရောက်ကူညီပေးနေ မှုအခြေအနေများ၊ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနေမှု အခြေအနေ များ၊ ပြန်လည်နေရာချထားရေး နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် နိုင်ငံတကာ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ကူညီ ပံ့ပိုးပေးစေလိုသော ကိစ္စရပ်များ၊ ဆက်လက် ပူးပေါင်းဆောင်ရွက် ရမည့်အခြေအနေများကိုပြောကြား သည်။

### အမြင်ချင်းဖလှယ်

ထို့နောက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)၏ တာဝန်ခံ ညွှန်ကြားရေးမှူး Mr. Paolo Mattei က ငလျင်ဘေးသင့်ဒေသ များသို့ သွားရောက်လေ့လာခဲ့မှု အခြေအနေများ၊ WFP အနေဖြင့် အစားအစာများ ဖြန့်ဝေဆောင်ရွက် ပေးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီ အစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် စေတနာရှင် အလှူရှင်များက ဧပြီ ၁၄ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ငလျင်ဘေးဒဏ်သင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများအား ဆန်ခြောက်ပြည်အိတ် ၂၀၀၊ ဆီ ၅၀ သားဘူး ၂၀၀ နှင့် သောက်ရေသန့်ကတ်များ လာရောက်လှူဒါန်းစဉ်။ ငွေကြယ်

**စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်**

❍ စာမျက်နှာ ၈ မှ

ယာယီရှက်ဖျင်တဲများနှင့် ယာယီနေထိုင်ရာ နေရာများတွင် ခြင်ကိုက်ခံရခြင်းကြောင့် သွေးလွန် တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါစသည့် ခြင်မှတစ်ဆင့် ကူးစက်သည့်ရောဂါများနှင့် ခြင်၊ မှက်ကိုက်ခြင်း ကြောင့် အရေပြားပေါ်တွင်ယားယံသည့် အဖုများနှင့် ယားနာများဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်၍ ခြင်ကိုက်ခံ ရမှုမှကာကွယ်နိုင်ရန် ခြင်ထောင် သို့မဟုတ် ဆေးစိမ် ခြင်ထောင်ဖြင့်သာ အိပ်စက်ရန်ဖြစ်ပြီး နေထိုင်ရာ အနီးတစ်ဝိုက်ရှိ ရေမြောင်းများရေစီးရေလာကောင်း မွန်စေရေးဆောင်ရွက်ခြင်းနှင့် အဘိတ်ကဲ့သို့ ခြင်ကျား ပိုးလောက်လမ်းသေ ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများတွင် ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါ သည်။

ယာယီစခန်းများ၌နေထိုင်ရာတွင် မြွေနှင့် အခြားအဆိပ်ရှိ တွင်းအောင်းသတ္တဝါများသည် မြေငလျင်ဖြစ်ပွားစဉ် မြေသားလှုပ်ရှားမှုကြောင့် မြေကြီးအတွင်းမှထွက်လာ၍ ယာယီတဲများ အတွင်းသို့ ဝင်ရောက်နိုင်သဖြင့် မြွေ စသည့် အဆိပ် ရှိသတ္တဝါများအန္တရာယ်ကိုအထူးသတိပြု၍ ယာယီတဲ များကို အောက်ခြေလုံခြုံရန် သတိပြုရမည်ဖြစ်ပါ သည်။ တဲအနီးတစ်ဝိုက်တွင် ဆိုလာမီး/လျှပ်စစ်မီး စသည့် အလင်းရောင်အားကောင်းမွန်သည့် မီးထွန်း ရန်လိုအပ်ပြီး ညအခါသွားလာရာတွင် မီးအိမ်၊ လက်နှိပ်ဓာတ်မီးအသုံးပြုရန်လိုအပ်ပြီး မြွေဆိုး ပေါများသည့်ဒေသတွင် လည်ရှည်ဖိနပ်နှင့် တုတ်ရှည် ကိုပါ အသုံးပြုသွားလာရန်လိုအပ်ပါသည်။

လက်ရှိအချိန်သည် အပူဒဏ်နှင့်ခရမ်းလွန်ရောင် ခြည်မြင့်မားသည့် နွေရာသီကာလဖြစ်၍ ရှက်ဖျင်တဲ များအတွင်းနေထိုင်သူများ၊ အရိပ်ရအပင်နည်းပါး သည့်နေရာများတွင် နေထိုင်သူများအနေဖြင့် အပူဒဏ်ကိုသတိပြုရန် အထူးအရေးကြီးပါသည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချို ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းပူပြင်းသည့်အချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင်သာ နားနေရမည်ဖြစ်ပြီး အလင်း ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်သင့်ပါ သည်။

ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ် ခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး အရက်သေစာ သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရနိုင်သောကြောင့် ရှောင်ကြဉ်ရမည်ဖြစ်ပါ သည်။ အပူဒဏ်ကြောင့် ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ချွေးထွက်များပါက ရေနှင့်ဓာတ်ဆားရည်ကို အလုံအလောက် ပြန်လည်သောက်သုံးရန်နှင့် မိတ်ဖု သို့မဟုတ် အယားဖုများထွက်ပါက ရေအေး ဝတ်ကပ်ခြင်း၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြင်းတို့ ကိုပြုလုပ်သင့်ပါသည်။ သွေးတိုးရောဂါအခံရှိသူ များအနေဖြင့် အဓိကအားဖြင့် ရေကိုသောက်သုံး သင့်ပြီး ချွေးထွက်များ၍ ဓာတ်ဆားရည်သောက်သုံး ပါက ချိန်ဆ၍သောက်သုံးရမည် ဖြစ်ပါသည်။

အထက်ပါအချက်များအပြင် ငလျင်ဘေးသင့်ရာ ဒေသများတွင် ငလျင်ငယ်များ ဆက်တိုက်လှုပ်ခတ် ခြင်းများ ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် ပြည်သူ များအနေဖြင့် ပျက်စီးနေသော အဆောက်အအုံများ၊ ကြံ့ခိုင်မှုစစ်ဆေးထားခြင်းမရှိသည့် အဆောက်အအုံ များအတွင်းသို့ ဝင်ရောက်ခြင်းကို ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

ငလျင်ဘေးသင့်ဒေသများမှ ပြည်သူများအနေဖြင့် ငလျင်ဘေးကိုကိုယ်တွေ့ခံစားရခြင်း၊ အသက် အိုးအိမ်စည်းစိမ်များပျက်စီးခြင်း၊ မိသားစုဝင်များ ဆုံးရှုံးရခြင်းနှင့် ယာယီနေထိုင်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ရခြင်းတို့ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများခံစားရနိုင်ပါသည်။ ထိုသို့ခံစားရခြင်း များသည် ရေရှည်တွင် စိတ်ကျန်းမာရေးကိုပါ ထိခိုက်နိုင်၍ စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာနေစေရန် အစဉ်အမြဲ သတိပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။ ငလျင်ဘေးကဲ့သို့ သဘာဝဘေးများသည် ကြိုတင် ခန့်မှန်းရန်ခက်ခဲပြီး သဘာဝဖြစ်စဉ်ဖြစ်ပါ သည်။

သို့ဖြစ်၍ ဘေးအန္တရာယ်ခံစားရချိန်တွင် မိမိစိတ်တွင်ကြောက်လန့်ခြင်း၊ စိုးရိမ်ခြင်းစသည့် ခံစားချက်များဖြစ်ပေါ်တတ်သည့် သဘာဝရှိ၍ ၎င်းတို့ကို အရှိကိုအရှိအတိုင်းလက်ခံရမည်ဖြစ်ပါ သည်။ မိမိတွင်ခံစားရသည့်အချက်များကို မိမိ တစ်ဦးတည်း ကြိတ်မှိတ်၍ခံစားခြင်းမပြုဘဲ မိမိ ယုံကြည်ရသူများနှင့်စကားပြောပြီး အတွေ့အကြုံ မျှဝေပေးခြင်းအားဖြင့် စိတ်ဖိစီးမှုကို လျှော့ချပေးနိုင် ပါသည်။ နိုင်ငံပိုင်မီဒီယာများနှင့် မှန်ကန်သည့် သတင်းအရင်းအမြစ်များမှ သတင်းများကိုသာ ယုံကြည်ရမည်ဖြစ်ပြီး ကောလာဟလနှင့် အခြေ အမြစ်မရှိသည့် ငလျင်သတင်းများအား ယုံကြည်၍ စိတ်ချောက်ချားခြင်းမဖြစ်စေရန် လိုအပ်ပါသည်။

ကိုယ်၏ကျန်းမာရေးနှင့် စိတ်၏ကျန်းမာရေး တို့သည် ဆက်စပ်နေ၍ အထက်တွင်ဖော်ပြခဲ့သည့် ကျန်းမာရေးဆိုင်ရာ သတိပြုရန်အချက်များကို လိုက်နာပြီး အာဟာရပြည့်ဝစွာစားသောက်ရန်နှင့် အိပ်ရေးပျက်မခံရန် လိုအပ်ပါသည်။ တတ်နိုင်သရွေ့ အခြားသူများကိုကူညီခြင်း၊ လူမှုကရုဏာလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်၍ အခြားသူများနှင့်အတူ တာဝန် ထမ်းဆောင်ခြင်းဖြင့် စိတ်ဓာတ်အင်အားရရှိစေပါ သည်။ စိုးရိမ်မှု၊ ကြောက်ရမှု သို့မဟုတ် ဝမ်းနည်းမှု များ ကာလတာရှည်ခံစားရပါက စိတ်ကျန်းမာရေး ကျွမ်းကျင်သူ သို့မဟုတ် စိတ်ရောဂါအထူးကု ဆရာဝန်ထံပြသ၍ အကြံဉာဏ်ရယူသင့်ပြီး လိုအပ် ပါက ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် ငလျင်ဘေးဖြစ်ပွား စဉ်ကာလအတွင်း ကိုယ်၏ကျန်းမာရေး၊ စိတ်၏ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များကို ကိုယ်တိုင် သိရှိလိုက်နာပြီး မိမိမှတစ်ဆင့် မိမိ၏မိသားစုဝင် များ၊ မိတ်ဆွေသင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များ ကို ဆက်လက်မျှဝေပေးရန်လိုအပ်ပါသည်။ နေထိုင် မကောင်းခြင်းနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အခက် အခဲတစ်စုံတစ်ရာဖြစ်ပွားခဲ့ပါကလည်း နီးစပ်ရာ ကျန်းမာရေးဌာန/ ဆေးရုံ/ ဆေးခန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဒေသ များတွင် ဒေသအလိုက်တာဝန်ပေးအပ်ထားသည့် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးများထံ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူရန် လိုအပ်ကြောင်းတင်ပြလိုက်ရပါသည်။ ။

# မန္တလေးမြို့မှ ပြန်လည်ထွက်ခွာကြမည့် အိန္ဒိယတပ်မတော်မှ ဆေးကုသရေးအဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မေ ၁၄

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် လေဆိပ်ဟောင်းနေရာ၌အခြေပြု၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်ထွက်ခွာကြမည့် Lt. Col. Jagneet Gill ဦးဆောင်သည့် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တိုင်းမှူးတို့သည် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြ၍ အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဆေးကုသရေးအဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

### တွေ့ဆုံနှုတ်ဆက်

အလားတူ ညနေပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမည့် မန္တလာသီရိအားကစားကွင်းတွင် အခြေပြု၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည့် Major General Sergey Voroutsov ဦးဆောင်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့အား သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမည့် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့အား တွေ့ဆုံနှုတ်ဆက်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမည့် ရုရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်နှင့် တကောင်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေး စခန်းတို့မှ ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးဝေနေမှုကိုလည်းကောင်း၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်၊ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ စိန်မြင့်မိုရ်ကျောင်းတိုက်နှင့် ဇနကာရာမကျောင်းတိုက်တို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအား စက်ယန္တရားများဖြင့် ကူညီဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



## ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ရေပေးဝေရေးစခန်းမှ ရေများပြန်လည်ဖြန့်ဖြူးပေးဝေနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ ပြိုကျပျက်စီးအန္တရာယ်ရှိ အဆောက်အအုံများအား ပရဟိတအဖွဲ့များက ရှင်းလင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျောက်ဆည်မြို့ ရေပေးဝေရေးစခန်းမှရေပေးဝေလျက်ရှိသည့် ရေစုကန်၊ ရေစစ်ကန်များသည် ငလျင်ဒဏ်ကြောင့်အက်ကွဲသွားခဲ့ပြီး ယခုအခါ ပြန်လည်ပြုပြင်ပြီးဖြစ်၍ ရေပေးဝေရေးစခန်းမှ ကျောက်ဆည်မြို့အတွင်းသို့ရေများပြန်လည်ဖြန့်ဖြူးပေးဝေနေမှု အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ဝေဘူလမ်းပေါ်ရှိ မင်းကုန်း မဟာစာသင်တိုက်မှ ကျောင်းဆောင်များ ပြိုကျပျက်စီးနေမှုကို သွားရောက်ကြည့်ရှုပြီး မင်းကုန်းမဟာကျောင်းဆရာတော်အားဖူးမြော်ကာ ပြန်လည်ပြုပြင်မည့် အစီအမံများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ကြက်မင်းတွန်ဓာတ်အားခွဲစက်ရုံမှ လျှပ်စစ်မီးဖြန့်ဖြူးပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ခရိုင်လျှပ်စစ်မန်နေဂျာက ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြုပြင်၍ ကျောက်ဆည်မြို့အတွင်း လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# “ကတ်ပြား” လား၊ “ကဒ်ပြား”လား၊ “ပတ်ဝန်းကျင်” လား၊ “ ပါတ်ဝန်းကျင်”လား

အင်ကြင်းခိုင် (ရန်ကုန်တက္ကသိုလ်)

နေ့စဉ်သုံးနေသည့် စကားလုံးများတွင် “ကတ်ပြား” နှင့် “ပတ်ဝန်းကျင်” စသည့် စကားလုံးများကို စာလုံးပေါင်းသတ်ပုံ မှားယွင်းပြီး ကျောင်းပါတ်ဝန်းကျင်၊ ရုံးပါတ်ဝန်းကျင်နှင့် လူမှုပါတ်ဝန်းကျင်တို့တွင် ဝင်ထွက်သွားလာကြရာတွင် “ကဒ်ပြား”ကို ယူဆောင်လာရမည်ဟု စာတန်းများချိတ်ဆွဲပြီး ရေးသားထားသည်ကို တွေ့ရှိနေရပါသည်။

“ကတ်ပြား” “ပတ်ဝန်းကျင်” ဟူသော စကားလုံးများတွင် “ကတ်ပြား”လား၊ “ကဒ်ပြား”လား၊ “ပတ်ဝန်းကျင်”လား၊ “ပါတ်ဝန်းကျင်”လား ကွဲကွဲပြားပြားမသိ၍ အမှားမှားအယွင်းယွင်း ရေးသားသုံးစွဲနေကြခြင်း ဖြစ်ပါသည်။

ထိုတွေ့မြင်နေရသော စာလုံးပေါင်းသတ်ပုံအမှားများကို အမှန်သို့ ရောက်စေလိုသော ရည်ရွယ်ချက်ဖြင့် တင်ပြလိုက်ရပါသည်။ “ကတ်” ၏အနက်နှင့်ပက်သက်၍ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် “စက္ကူချပ်ပြား”ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

အင်္ဂလိပ်စကားလုံး Card မှ ဘာသာပြန်ထားခြင်းဖြစ်၍ “ကျောင်းသားကဒ်” “ဝန်ထမ်းကဒ်” ဟု “ဒ”သတ်ဖြင့် စာလုံးပေါင်းမှားသုံးစွဲနေကြပါသည်။ အမှန်မှာ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအသုံးပြုနေသည့် “ကတ်ပြား”ကို “ကျောင်းသားကတ်” “ဝန်ထမ်းကတ်” ဟု ရေးသားရမည်။ ထို့ပြင် စမတ်ကတ်၊ အေတီအမ်ကတ် စသည့်ကတ်ပြားများကိုလည်း “တသတ်” ဖြင့်သာ ရေးရပါမည်။

မြန်မာဘာသာတွင် အသတ်(၁၀)ပါးရှိသည်။ အဆိုပါ အသတ်(၁၀)ပါးမှာ ကသတ်၊ င သတ်၊ စသတ်၊ ဥသတ်၊ ညသတ်၊ တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ ယသတ် (က်၊ င်၊ စ်၊ ဉ်၊ ည်၊ တ်၊ န်၊ ပ်၊ မ်၊ ယ်) တို့ဖြစ်ကြသည်။ အသတ်(၁၀)ပါးတွင် “တသတ်”သာရှိပြီး “ဒသတ်”အသုံးမရှိပါ။ ထို့ကြောင့် စက္ကူချပ်ပြားကဲ့သို့ အရာများကို ရေးမည်ဆိုလျှင် “ကတ်ပြား”ဟုရေးမှသာ ရေးထုံးအမှန်ဖြစ်ပေလိမ့်မည်။

ဆက်လက်ပြီး “ပတ်ဝန်းကျင်” ဟူသည့်စကားလုံးကို “ပါတ်ဝန်းကျင်” ဟုရေးသားသည်ကို တွေ့ရှိနေရ၍ “ပတ်ဝန်းကျင်” နှင့် “ပါတ်ဝန်းကျင်” အသုံးမကွဲဘဲ လွဲမှားစွာသုံးနေသည်ကို တွေ့မြင်နေရပါသည်။

“ပတ်” ၏အနက်ကို မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား

> **“မြန်မာဘာသာတွင် အသတ်(၁၀)ပါးရှိသည်။ အဆိုပါ အသတ် (၁၀)ပါးမှာ ကသတ်၊ င သတ်၊ စသတ်၊ ဥသတ်၊ ညသတ်၊ တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ ယသတ် (က်၊ င်၊ စ်၊ ဉ်၊ ည်၊ တ်၊ န်၊ ပ်၊ မ်၊ ယ်) တို့ဖြစ်ကြသည်။ အသတ်(၁၀)ပါးတွင် “တသတ်” သာရှိပြီး “ဒသတ်” အသုံးမရှိပါ။ ထို့ကြောင့် စက္ကူချပ်ပြားကဲ့သို့ အရာများကို ရေးမည်ဆိုလျှင် “ကတ်ပြား”ဟုရေးမှသာ ရေးထုံးအမှန်ဖြစ်”**

ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် “လှည့်ဝိုက်”သည် “ရစ်သည်”ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ သာဓကပြရသော် “ကမ္ဘာသည် နေကိုပတ်ရန် ၃၆၅ ရက်ကြာသည်” “စကားပြောရာတွင် တိုက်ရိုက်ပြောပါ၊ လှည့်ပတ်မနေပါနှင့်” “စပါးကြီးမြွေက သားကောင်ကို ပတ်ထားသည်” ဆိုသည့် အသုံးများကိုကြည့်လျှင် လှည့်ဝိုက်သည် ရစ်သည်ဟု အနက်သဘောဆောင်သောကြောင့် ‘ပ’ သတ်နှင့်ရေးရမည်။

မြို့ကိုပတ်ပြီး လမ်းဖောက်ထားလျှင် “မြို့ပတ်လမ်း” ဟုလည်းကောင်း၊ ရေကန်၏ဘေးတွင် လမ်းဖောက်ထားလျှင် “ကန်ပတ်လမ်း” ဟုရေးသားရမည်ဖြစ်မည်။ ပရေးချ တသတ်ပတ် “ပါတ်”သည် အင်္ဂလိပ်လို NUMBER ကို မြန်မာမှုပြု၍ ရေးထားသည့် နံပါတ်ကို ဆိုလိုသည့်စကားဖြစ်၍ ပရေးချတသတ်ပတ်နှင့်ရေးရမည်။

သာဓကပြရသော် “ကျွန်မအိမ်လိပ်စာက တိုက်နံပါတ် C-15 အခန်းနံပါတ် 901 ပါဆိုသည့် အင်္ဂလိပ်လို NUMBER ကို မြန်မာမှုပြုလုပ်ထားခြင်းဖြစ်၍ နံပါတ်ကို “ပါတ်” ပကို မောက်ချနှင့် ရေးရမည်ဖြစ်သည်။ အလားတူ “ပတ်ဝန်းကျင်” “ပါတ်ဝန်းကျင်”ဟု “ပတ်”နှင့် “ပါတ်” အသုံးမကွဲဘဲ ရေးသားသုံးနှုန်းနေကြသည်ကို တွေ့ရှိနေရပါသည်။ “မိမိပတ်ဝန်းကျင်” “ရုံးပတ်ဝန်းကျင်” “ကျောင်းပတ်ဝန်းကျင်” တို့ကို “မိမိပါတ်ဝန်းကျင်” “ရုံးပါတ်ဝန်းကျင်” “ကျောင်းပါတ်ဝန်းကျင်”ဟု သုံးနှုန်းနေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် မှားလေ့မှားထရှိသော အမှားများထဲမှ “ကတ်ပြားနှင့် ကဒ်ပြား”၊ “ပတ်ဝန်းကျင်” နှင့် “ပါတ်ဝန်းကျင်” အသုံးများကို ကွဲကွဲပြားပြားသိရှိစေရန် မှတ်သားစေလိုသတ်ပုံကို မှတ်သားလိုက်နာနည်းယူရန် အခန်းကဏ္ဍကနေ ရေးသားတင်ပြလိုက်ပါသည်။ ။

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၁၄**


ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၁၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧပြီ ၁၆ ရက်မှ ၁၈ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

### ယနေ့ညမှ ၁၈-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## အင်္ဂပူမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး

**အင်္ဂပူ ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အော်တိုအိတ်ချိန်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများကို ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက အော်တိုအိတ်ချိန်းအဆောက်အအုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

အင်္ဂပူမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ပွင့်လင်းရာသီ၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ၊ မီးဘေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**





# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပြည်သူများ မဟာသင်္ကြန်ပွဲတော်အကျနေ့၌ ကုသိုလ်ကောင်းမှုများဆက်လက်ပြုလုပ်လျက်ရှိ

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ရှိပြည်သူများသည် မဟာသင်္ကြန် ပွဲတော်အကျနေ့၌ ကုသိုလ် ကောင်းမှုများ ဆက်လက်ပြုလုပ် ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ကျင်းပလျက်ရှိ သည်။

### ကျွေးမွေးလှူဒါန်း

၁၃၈၆ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်အကျ နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရွှေတိဂုံစေတီတော်မြတ် ကြီးအပါအဝင် ဘုရား၊ ကျောင်း၊ ကန် များ၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြု ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ် ပူဇော်ခြင်း၊ တရားဒေသနာတော် များ ရရှိစေရန် မဟာသင်္ကြန် ကာလအတွင်း ဖွင့်လှစ်လျက်ရှိ သည့် တရားရိပ်သာတရားစခန်း များ၌ တရားထိုင်ခြင်း၊ စတုဒိသာ များ ကျွေးမွေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

ထို့အတူ သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားရှိသည့် တရားစခန်း တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပုညာရာမကျောင်း တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တတေဇ နိယက ဘုရား အဆူဆူတို့၏ အဆုံးအမ ဖြစ်သော မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ် ကိုထားနိုင်စေရန်၊ ဘေးဒုက္ခများ နှင့် ရင်ဆိုင်ကြုံတွေ့လာလျှင် လည်းကြံ့ကြံ့ခံ ရင်ဆိုင်ဖြေရှင်းနိုင် ရန် ရည်ရွယ်၍ တရားဓမ္မများ ဟောကြားတော်မူရာ တရား ချစ်ခင်သူတော်စင် သူမြတ် အပေါင်းတို့က နာယူကြည်ညို လျက်ရှိကြသည်။

မဟာသင်္ကြန် အကျနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့၏ကြီးကြပ်မှုဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်း ကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ငါးလွှတ်ဆိပ်အမှတ်(၁) ဒဂုံသီရိ မဟာဘေးမဲ့ ကန်တော်ကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကို ဒဂုံသီရိမဟာဘေးမဲ့ ကန်တော် ကြီးအတွင်းသို့ ကုသိုလ်ဒါနအဖြစ် လွှတ်ပေးကြသည်။



ထို့နောက် ရန်ကုန်မြို့ပြည်သူ့ ရင်ပြင်တွင် အလှူရှင်များက ပြည်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းနှင့် မြန်မာ့ သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်စာရင်း ဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်နေမှုကို ဂုဏ်ပြုသော အားဖြင့် သနပ်ခါးလိမ်းသည့် ဓလေ့အား သရုပ်ဖော်မှုတွင် နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲ နေမှုများကို ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစုများ စုပေါင်း၍ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း ကို ယနေ့နံနက်ပိုင်းက အဆိုပါ စည်ပင်သာယာရေး ကော်မတီရုံး ဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန် တိုင်းဒေသကြီ ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့်တာဝန်ရှိသူများက တက်ရောက် ကြပြီး စတုဒိသာကျွေးမွေးနေမှု ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်း မိသားစုများအား သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများနှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ယာဉ်ရပ်နေရာ ၌ ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေး (ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာသင်္ကြန် အကျနေ့တွင် ရွှေတိဂုံစေတီတော် မြတ်ကြီးသို့ လာရောက်ဖူးမြော် ကြသူများကို သက်သတ်လွတ် ဒံပေါက်ထမင်း စတုဒိသာ ကျွေးမွေးနေမှုကို ကြည့်ရှုအား ပေးကြပြီး တာဝန်ရှိသူများထံ အလှူငွေများ ပေးအပ်ခဲ့သည်။

### ကုသိုလ်ဒါနပြု

ထို့အတူ ပြည်သူများအား ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် (၅၁) လမ်း ထောင့် အမှတ်(၁၀)ရပ်ကွက် ပီတိ မေတ္တာ လူမှုကူညီကယ်ဆယ် ရေးအသင်းနှင့် ခုနစ်ရက် သားသမီး အလှူရှင်များ၏ စုပေါင်းအလှူအဖြစ် ထမင်း၊ ကြက်သား၊ ပဲဟင်း၊ သရက်ချဉ် သုပ်၊ အအေးတို့ဖြင့် စတုဒိသာ ကျွေးမွေးနေမှု၊ (၄၉) လမ်းရှိ လပြည့်ဆွမ်းလောင်း မိသားစုမှ ထမင်း၊ ဘဲဥကုလားဟင်းတို့ဖြင့် စတုဒိသာ ကျွေးမွေးနေမှုနှင့် ကျောက်တံတားမြို့နယ် ပန်းဆိုး တန်းလမ်းရှိ စတုဒိတာမဏ္ဍပ်၊ ဒလမြို့နယ် စတုဒိသာမဏ္ဍပ်တို့၌ စတုဒိသာ ကျွေးမွေးလှူဒါန်လျက် ရှိကြသည့်အပြင် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ရပ်ကွက်များ၌လည်း ပြည်သူ များအား စတုဒိသာများ ကျွေးမွေး ကာ ကုသိုလ်ဒါနပြုလျက်ရှိ ကြောင်း သိရသည်။

သတင်း - နေကိုဇော် - သတင်းစဉ်
ဓာတ်ပုံ - ဇော်မင်းလတ်



နေရောင်အောက်က
သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့



၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာ သင်္ကြန်ပွဲတော်ကာလ၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရေကန်ကြီးများ၌ အပန်းဖြေသူများ ရေနစ်သေဆုံးမှုများ မဖြစ်ပွားစေရေးအတွက် ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့ ) နံနက် ၈ နာရီမှစတင်၍ တာဝန်ပြီးဆုံးချိန်အထိ အရှေ့ပိုင်းခရိုင် တာမွေ မြို့နယ်ရှိ ကန်တော်ကြီးဥယျာဉ် ရေပြင်တွင် တာမွေ မြို့နယ် မီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီး မှူး ဦးဇင်ထက်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင် လေးဦး တို့က ရှာဖွေကယ်ဆယ်ရေးရေယာဉ်နှင့်အတူ တာဝန်ထမ်းဆောင်နေကြစဉ်။

မျိုးမင်းသူရ

# နေပြည်တော်ကောင်စီနယ်မြေ၌ မြန်မာ့ရိုးရာသင်္ကြန်အကျနေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး အေးသင်္ကြန် ဆက်လက်ကျင်းပ







နေပြည်တော် ဧပြီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ၌ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် အကျနေ့ကို အပျော်အပါး သီဆိုကခုန်မှုများ မပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန် (အေးသင်္ကြန်)အဖြစ် ဆက်လက်ကျင်းပရာ ပြည်သူများနှင့် ဝန်ထမ်းများ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ပါဝင်ဆင်နွှဲကြသည်။

ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများက တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ကုသိုလ်ဒါနဘောမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားရိပ်သာများ၌ တရားစခန်းဝင်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို စိတ်အေးချမ်းစွာ ဆောင်ရွက်ကြသည်။

အလားတူ ယနေ့သည် သင်္ကြန်အကျနေ့ဖြစ်သည့်အတွက် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပလျက်ရှိရာ နေပြည်တော်မြို့တော်ဝန်မဏ္ဍပ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ညှော့ရိပ်သာလမ်းဆုံ ဧရိယာအတွင်း ကျင်းပသည့် နေပြည်တော်လမ်းလျှောက်သင်္ကြန် တို့တွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ရေအေးသင်္ကြန်ကိုကျင်းပရာ အများပြည်သူတို့ လာရောက်ကြပြီး အတီးအမှုတ်၊ အကအခုန်၊ အပျော်အပါးတို့လွှမ်းသော သင်္ကြန်ပုံရိပ်များကို ဖယ်ရှားကာ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ယဉ်ကျေးသိမ်မွေ့သည့်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ အေးသင်္ကြန်အတွင်း သက်ကြီးရွယ်အို များအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်းညှပ်ပေးခြင်း၊ နေ့စဉ် နံနက်နှင့် ညနေပိုင်းများတွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများအား စတုဒိသာကျွေးမွေးခြင်း၊ တစ်ဦးနှင့်တစ်ဦး မြန်မာ့ရိုးရာ သင်္ကြန် အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစားခြင်းနှင့် တစ်ဦးနှင့်တစ်ဦး နှစ်ဟောင်းမှ အဆိုးအညံ့တို့ ပျောက်စေပြီး အကောင်းအသန့်တို့ ရောက်စေရန်ရည်ရွယ်၍ သနပ်ခါးစင်ဆေးကြောခြင်း အဓိပ္ပာယ်ဖော်ဆောင်ကာ ရေပက်ကစားခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့အတူ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းခြယ်ခြင်း ကဏ္ဍလည်း ထည့်သွင်းထားရာ ပါဝင်ဆင်နွှဲကြသည့် အများပြည်သူများသည် မြန်မာ့သနပ်ခါးကို မြတ်နိုးစွာ လိမ်းခြယ်၍ အေးသင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်၊ ရပ်ကွက်များအလိုက် စတုဒိသာများကျွေးမွေးခြင်း၊ သင်္ကြန်မဏ္ဍပ်ငယ်များဆောက်လုပ်ကာ တစ်ဦးနှင့်တစ်ဦး အေးချမ်းစွာ ရေပက်ကစားခြင်းတို့ဖြင့် အေးချမ်းသာယာသော သင်္ကြန်အကျနေ့ကို ဖြတ်သန်းကြသည်။

**သတင်းစဉ်**







# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို ပြည်သူများ လမ်းလျှောက်သင်္ကြန် အေးချမ်းစွာပါဝင်ဆင်နွှဲနေမှု ကြည့်ရှုအားပေး

ထားဝယ် ဧပြီ ၁၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော် သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ထားဝယ်တပ်နယ်ဝင်းအတွင်းနှင့် မြို့တော်ခန်းမအရှေ့၌ အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးမှုများနှင့် ပြည်သူများ လမ်းလျှောက်သင်္ကြန်ကို အေးချမ်းစွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ ပါဝင်ဆင်နွှဲသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများ ဝေငှသည်။

ထို့နောက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ကသိရှိစေရန် UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးရိုးရာဓလေ့ကို ထားဝယ်မြို့တော် ခန်းမအရှေ့၌ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများက မြန်မာ့သနပ်ခါးကို အမြတ်တနိုး လိမ်းခြယ်ခြင်းအား တပျော်တပါး ပါဝင်ဆင်နွှဲလျက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပဲခူးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်(အေးသင်္ကြန်)ပွဲတော် ကျင်းပ

ပဲခူး ဧပြီ ၁၄

ပဲခူးမြို့၌ နှစ်စဉ်သင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်လည်း မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ယခုနှစ်တွင် အပျော်အပါး၊ သီဆိုကခုန်မှုများမပါဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်(အေးသင်္ကြန်)ပွဲတော်အား ရွှေမော်ဓောဘုရားလမ်း၌ ကျင်းပသည်။



## ကြည့်ရှုအားပေး

ပဲခူးမြို့၌ ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးတို့က ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ ကျင်းပသည့် လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပနေမှု၊ စတုဒိသာမဏ္ဍပ်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုသနပ်ခါးပွဲတော်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးတို့က မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်နှင့် ရေပက်ဖျန်းပြီး အေးချမ်းသာယာသောသင်္ကြန် (အေးသင်္ကြန်) ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဌာနဆိုင်ရာများနှင့် အလှူရှင်များ၏ စတုဒိသာမဏ္ဍပ်များကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ပဲခူးမြို့၌ ကျင်းပပြုလုပ်သည့် အေးချမ်းသာယာသော သင်္ကြန် (အေးသင်္ကြန်) ပွဲတော်၊ လမ်းလျှောက် သင်္ကြန်တွင် ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုကျင်းပခြင်းဖြစ်ပြီး မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အား လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့သနပ်ခါး အလှလိမ်းခြယ် သရုပ်ဖော်ခြင်းအပြင် နေ့စဉ် နံနက်၊ နေ့လယ်တို့တွင် သင်္ကြန်ထမင်း၊ ကြာဆံကြော်၊ မုန့်လုံးရေပေါ်၊ သာကူ၊ မုန့်လက်ဆောင်းစသည့် မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ အအေးမျိုးစုံ ကျွေးမွေးခြင်းတို့ကို မြန်မာ့ရိုးရာသင်္ကြန် အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစားခြင်း ကဏ္ဍများသာ ပါဝင်ကြောင်းနှင့် ရပ်ကွက်/ကျေးရွာများတွင်လည်း အေးချမ်းသာယာသော သင်္ကြန် (အေးသင်္ကြန်)အား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပ၍ စတုဒိသာ ကျွေးမွေးခြင်းများ နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တောင်ကြီးမြို့၌ သင်္ကြန်အကျနေ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ကျင်းပ

တောင်ကြီး ဧပြီ ၁၄

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) နံနက် ၉ နာရီနှင့် ညနေ ၃ နာရီတို့တွင် တောင်ကြီးမြို့ ရုံးကြီးလမ်း၌ ကျင်းပသည်။

သင်္ကြန်အကျနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက အတာသင်္ကြန်ရေကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ သပြေခက်များဖြင့် ပက်ဖျန်းပေးကြပြီး စတုဒိသာမဏ္ဍပ်များအား လှည့်လည်ကြည့်ရှု၍ ရေကစားသူများကို အတာရေသပြေခက်များဖြင့် ပက်ဖျန်းပေးကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)





# မဟာသင်္ကြန်အကျနေ့ ပြည်မြို့လမ်းလျှောက်သင်္ကြန်၌ ရေကစားသူများပြား

ပြည် ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ လမ်းလျှောက်သင်္ကြန်ကို ရောင်စုံထီးအလှများ၊ ရေပန်းအလှများဖြင့် ကမ်းနားလမ်း ဆိပ်ခံဇောတံတားမှ သောင်ပြင်တစ်လျှောက်နှင့် ဧရာဝတီမြစ်ကမ်းစပ်အထိ အေးချမ်းလှပစွာ ကျင်းပလျက်ရှိရာ မဟာသင်္ကြန်အကျနေ့ ယနေ့ညနေပိုင်းတွင် လမ်းလျှောက်သင်္ကြန်၌ ဒေသခံများနှင့် ဒေသတွင်းမြို့ရွာများမှ လာရောက်ရေကစားသူများပြားလျက်ရှိသည်။

လမ်းလျှောက်သင်္ကြန်သို့ လာရောက်ပါဝင်ဆင်နွှဲကြသူများအား စတုဒိသာများကျွေးမွေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကူညီစောင့်ရှောက်မှုများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ဟင်္သာတမြို့နယ်၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပ၊ စတုဒိသာများကျွေးမွေး

ဟင်္သာတ ဧပြီ ၁၄

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် မန်းဘခိုင်လမ်း၌ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာအလှူတော် ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်သည်။ ထိုသို့ လှူဒါန်းရာတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း၊ ဟင်္သာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်စွာထွန်း၊ အတွင်းရေးမှူး ရဲမှူးသန်းကျော်ဌေး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ စတုဒိသာအလှူတော်အဖြစ် ရွှေရင်အေးနှင့် မုန့်လက်ဆောင်းများ ကျွေးမွေးလှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

■

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကျနေ့ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတို့၌ ကျင်းပ

နေပြည်တော် ဧပြီ ၁၄

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်အခါသမယတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသည့် နှစ်သစ်ကူးအတာသင်္ကြန်အဖြစ် ကျင်းပ၍ နှစ်သစ်အတာကူးကြသည်။

ယနေ့တွင်ကျရောက်သည့်မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌လည်း မြန်မာ့ရိုးရာအတာသင်္ကြန်အကျနေ့ကို မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ကျင်းပခဲ့ပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အတာသင်္ကြန်မဏ္ဍပ်များ၌ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ သပြေခက်များဖြင့် အတာသင်္ကြန်ရေကို ပက်ဖျန်းပေးပြီး မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပါဝင်ဆင်နွှဲကြသည်။

ထိုသို့ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ကျင်းပချိန်တွင် ပါဝင်ဆင်နွှဲကြသူများကို မြန်မာ့ရိုးရာအတာသင်္ကြန် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်းများ၊ သနပ်ခါးသင်္ကြန်ဆင်နွှဲခြင်း၊ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ သက်ကြီးဘိုးဘွားများအား ကုသိုလ်ပြုပူဇော်ကန်တော့ကြခြင်း၊ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်းစသည်တို့ကို ပြုလုပ်၍ နှစ်ဦးကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**









# မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ကာလတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)၌ ပြည်သူများ အေးချမ်းစွာလာရောက်အပန်းဖြေ

နေပြည်တော် ဧပြီ ၁၄

မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ကာလတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)၌ အေးချမ်းစွာ လာရောက်အပန်းဖြေသူများပြားလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)တွင် ပန်းအလှစိုက်ခင်းများ၊ ခေတ်မီ 5D LED DIGITAL မှန်တံတား၊ Sky Cable Car၊ ခေတ်မီကလေးကစားကွင်း၊ Jumping Cloud၊ ကြိုးတံတား၊ အလှသစ်လုံးအိမ်၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရအလှဓာတ်ပုံရိုက်ကူးရန်နေရာများ၊ ပြင်ဦးလွင်နှင့် မန္တလေးဒေသထွက်အစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် အသစ်ထပ်မံတည်ဆောက်ထားရှိသော Roller Coaster၊ Bumper Car (တိုက်ကား)၊ Tea Cup၊ Merry-Go-Round နှင့် Dinosaur Kingdom တို့အပြင် ဆင်လိမ္မာလေးများ၏ သရုပ်ပြဖျော်ဖြေမှုနှင့် အပန်းဖြေစခန်းအတွင်း Buggy ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုနိုင်ရေး စီစဉ်ထားသည်။

သင်္ကြန်ရုံးပိတ်ရက်ကာလတွင် လာရောက်လည်ပတ်သူများအနေဖြင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်အား မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ အေးချမ်းသာယာသောသင်္ကြန် အေးသင်္ကြန်အဖြစ် အေးချမ်းစွာရေကစားခြင်း၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် လာရောက်အပန်းဖြေလည်ပတ်သူများအချင်းချင်း အပြန်အလှန် သနပ်ခါးလိမ်းခြယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မုံရွာမြို့၌ လမ်းလျှောက်သင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့တွင် ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းစွာ ပါဝင်ဆင်နွှဲ



မုံရွာ ဧပြီ ၁၄

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးသင်္ကြန်အဖြစ် လမ်းလျှောက်သင်္ကြန်ပွဲတော်အား စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာကန်အနီး၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

## လာရောက်ဆင်နွှဲ

ဧပြီ ၁၄ ရက် သင်္ကြန်ပွဲတော်အကျနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နေပြည်သူများနှင့် သင်္ကြန်ချစ်မြတ်နိုးသူများ လာရောက်ဆင်နွှဲကြရာ သပြေခက်၊ အမွှေးနံ့သာရည်များဖြင့် အပြန်အလှန်ပက်ဖျန်းပေးကြသည်။

ထို့အပြင် အေးသင်္ကြန်အဖြစ် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များ၊ သူနာပြုသားဖွားသင်တန်းကျောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်း၊ မြို့နေပြည်သူများနှင့် သင်္ကြန်ချစ်မြတ်နိုးသူများအား အရှေ့ဘက်ကန်သာယာကန်ရှိ ပြည်ထောင်စုကျွန်းနှင့် လမ်းလျှောက်သင်္ကြန် ကျင်းပနေသည့် လမ်းတစ်လျှောက်ရှိ စတုဒိသာမဏ္ဍပ်များမှ ထမင်းနှင့်ဟင်းများ၊ ကော်ဖီ၊ မုန့်များ၊ သင်္ကြန်ရာသီစာများဖြစ်သည့် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်းများ ကျွေးမွေးဧည့်ခံခဲ့ကြပြီး ညနေပိုင်းတွင်လည်း မုံရွာမြို့ ကျောက္ကာလမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင်လည်း အေးသင်္ကြန်အဖြစ် မြို့နေပြည်သူများနှင့် သင်္ကြန်ချစ်မြတ်နိုးသူများက စတုဒိသာကျွေးမွေးခြင်းနှင့်အတူ အေးချမ်းစွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီး၌ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်အကျနေ့(ဒုတိယနေ့)အား ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ကျင်းပ



ပုသိမ် ဧပြီ ၁၄

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကျနေ့(ဒုတိယနေ့) ကို ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဌာနဆိုင်ရာများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် အမွှေးနံ့သာ အတာရေများ ပက်ဖျန်းကြပြီး စတုဒိသာမဏ္ဍပ်တွင် မုန့်လုံးရေပေါ်၊ သာကူကျို၊ သင်္ကြန်ထမင်း စတုဒိသာကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် အေးချမ်းစွာ ကျင်းပလျက်ရှိပြီး မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ရေကစားခြင်း၊ ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် အတည်ပြုသတ်မှတ်ခြင်းကို ရရှိနိုင်ရေးအတွက် သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ဖော်ညွှန်းသောအားဖြင့် သနပ်ခါးလိမ်းသရုပ်ဖော်မှုများ၊ နှစ်သစ်ကူးတရားပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများ၊ ဇီဝိတဒါနငါးလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက် ဘောဇနဒါယီကျောင်းဆောင်တွင် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်အလှူအဖြစ် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားဆောင်ရွက်ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မကွေးမြို့၌ မဟာသင်္ကြန်အကျနေ့အား မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ကျင်းပ



မကွေး ဧပြီ ၁၄

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပလျက်ရှိရာ ယနေ့မဟာသင်္ကြန်အကျနေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မကွေးမြို့ ကမ်းနားလမ်းရှိ မြန်မာ့ရိုးရာ ယဉ်ကျေးမှု လမ်းလျှောက်မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ သပြေခက်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးဌာနများအလိုက် စတုဒိသာအလှူအဖြစ် ဧည့်ခံကျွေးမွေးနေမှုများ၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများ၏ သနပ်ခါးလိမ်းခြယ်မှုကို ကြည့်ရှုအားပေးကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ်အတာသင်္ကြန်ပွဲတော်ကာလအား အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဆိုခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ မြို့နယ်ရပ်ကွက်များအတွင်း စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုများဖြင့် အေးချမ်းသာယာစွာ ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပ



မြစ်ကြီးနား ဧပြီ ၁၄

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းသော သင်္ကြန်ပွဲတော်အဖြစ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ဧပြီ ၁၄ ရက် (မြန်မာ့ရိုးရာသင်္ကြန် အကျနေ့) နံနက် ၉ နာရီက ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းစွာ ကျင်းပသည်။

ဦးစွာ မဟာသင်္ကြန်ပွဲတော်သို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သင်္ကြန်ပွဲတော် တက်ရောက် လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းမိသားစုများအား ရိုးရာအစဉ်အလာနှင့်အညီ အတာရေအေးကို အောင်သပြေခက်ဖြင့် ပက်ဖျန်းပေးကြပြီး တက်ရောက်လာသူများအား စတုဒိသာမဏ္ဍပ်၌ မြန်မာ့ရိုးရာ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်တို့ဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြသည်။ အတာရေသဘင်ပွဲတော် ရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာသနပ်ခါးဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် တစ်ဦးကိုတစ်ဦး သနပ်ခါးလိမ်းခြယ်ပေးခြင်းတို့ကို ချစ်ခင်ရင်းနှီးစွာ ဆောင်ရွက်ပေးကြပြီး ဝန်ထမ်းမိသားစုများအား အတာရေပက်ဖျန်းပေးခြင်းကို ရိုးရာအစဉ်အလာနှင့်အညီ အေးချမ်းစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့၌ မြန်မာ့ရိုးရာ မဟာအတာအေးသင်္ကြန်၊ လမ်းလျှောက်အေးသင်္ကြန်နှင့် စတုဒိသာကျွေးမွေးခြင်းတို့ ကျင်းပ



တောင်ကြီး မေ ၁၄

မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ နိုင်ငံတော်က အေးချမ်းသာယာ သင်္ကြန်(အေးသင်္ကြန်)နှင့် လမ်းလျှောက်သင်္ကြန်ကိုလည်း အေးသင်္ကြန်အဖြစ် ကျင်းပလျက်ရှိရာ မေ ၁၃ ရက်(သင်္ကြန်အကြိုနေ့) ညနေ ၄ နာရီက တောင်ကြီးမြို့ ရုံးကြီးလမ်း၌ အေးသင်္ကြန်၊ လမ်းလျှောက်အေးသင်္ကြန်နှင့် စတုဒိသာကျွေးမွေးခြင်းတို့ ကျင်းပသည်။

မြန်မာ့ရိုးရာ အေးသင်္ကြန်၊ လမ်းလျှောက်အေးသင်္ကြန်နှင့် စတုဒိသာကျွေးမွေးခြင်းတို့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဌာနဆိုင်ရာများကို သပြေခက်နှင့် အတာရေပက်ဖျန်းပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းလျှောက်အေးသင်္ကြန်ဖြင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန စတုဒိသာမဏ္ဍပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးဌာန စတုဒိသာမဏ္ဍပ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စတုဒိသာမဏ္ဍပ်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးဌာန စတုဒိသာမဏ္ဍပ်တို့သို့ ကြည့်ရှုအားပေး၍ သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်

ဟားခါး မေ ၁၄

မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် ညနေ ၃ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် တစ်မိနစ် ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က မဟာသင်္ကြန်ပွဲတော်သည် မြန်မာတစ်နိုင်ငံလုံးနှင့် သက်ဆိုင်ရုံသာမက ယူနက်စကိုက လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် ကမ္ဘာ့နိုင်ငံများကလည်း မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အသိအမှတ်ပြုသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ မြန်မာလူမျိုးများသည် ယဉ်ကျေးသိမ်မွေ့ပြီး သတ္တဝါများကို ဘေးမဲ့လွှတ်ပေးခြင်း၊ အလှူဒါနပြုခြင်း၊ ရဟန်းရှင်ပြုခြင်း၊ သက်ကြီးဝါကြီးများအား အမွှေးနံ့သာရည် တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်းနှင့် ကန်တော့ခြင်းစသည့် ကောင်းမှုကုသိုလ်များကို စေတနာသဒ္ဓါတရားထက်သန်စွာ ပြုလုပ်လေ့ရှိကြောင်း၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပိုမိုလေးနက်တည်တံ့စေရေးအတွက် ရိုးရာအစဉ်အလာမပြတ် ထိန်းသိမ်းသွားရန်သည် တိုင်းရင်းသားမြန်မာလူမျိုး အားလုံးတို့၏ တာဝန်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်မိုးဟိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးတို့က ချင်းပြည်နယ် မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယိမ်းအကအဖွဲ့များနှင့် ဧည့်ပရိသတ်များအား နံ့သာရည်၊ သပြေခက်များဖြင့် အတာရေပက်ဖျန်းပေးကြသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို ဆက်လက်ကျင်းပရာ နွေဦးပျိုမေယိမ်းအဖွဲ့က စင်မြင့်ထက်၌ သနပ်ခါးသွေးပေးကြပြီး ဟားခါးတက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါက်တာသဇင်က မြန်မာ့လူ့အဖွဲ့အစည်းတွင် သနပ်ခါးလိမ်းသည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပိတောက်ရွှေဝါယိမ်းအဖွဲ့က ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ နာယကနှင့် အဖွဲ့ဝင်များက ပိတောက်ရွှေဝါယိမ်းအဖွဲ့များကို လည်းကောင်း အပြန်အလှန် ညောင်ရွက်ပုံသနပ်ခါးလိမ်းခြယ်ပေးပြီး စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စစ်တွေမြို့၌ စုပေါင်းဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ



စစ်တွေ မေ ၁၄

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ နိုင်ငံတစ်ဝန်း ရဟန်းရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ စုပေါင်းဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီးအနီး ကန်တော်ကြီးရေကန်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး တာဝန်ရှိသူများက လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများက ကန်တော်ကြီးရေကန်၌ စုပေါင်းဇီဝိတဒါန ငါးလွှတ်ပေးကြသည်။ အဆိုပါငါးလွှတ်ပွဲတွင် ရွှေဝါငါးကြင်းနှင့် ငါးခုံးမ အကောင်ရေ ၃၀၀၀ တို့နှင့်အတူ လိပ်သားပေါက်များကိုလည်း ဇီဝိတဒါနအဖြစ် ကန်တော်ကြီးရေကန်ထဲသို့ လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် စစ်တွေမြို့ ဝိမလဓမ္မနာဒ(ဓာတ်လယ်)ကျောင်းတိုက် ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်ကြီးထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ စစ်တွေမြို့၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး နိုင်ငံတစ်ဝန်း ရဟန်းရှင်လူ ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မေ ၈ ရက် ညနေပိုင်းမှစတင်ကာ စစ်တွေမြို့ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်၌ စာသင်တိုက်ပဓာနနာယက ဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယ အမှူးပြုသော သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားပူဇော်ခြင်း၊ စစ်တွေမြို့ လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် ဝတ်ရွတ်အသင်းများက ရတနသုတ် ပရိတ်တရားတော်များအား တစ်ချိန်တည်း တစ်ပြိုင်တည်း ရွတ်ပွားပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# တနင်္သာရီတိုင်းဒေသကြီး၌ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်(အေးသင်္ကြန်) အဖြစ် ဆက်လက်ကျင်းပ



**ထားဝယ် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်(အကျနေ့)ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်(အေးသင်္ကြန်) အဖြစ် ဆက်လက်ကျင်းပရာ ဒေသခံပြည်သူများ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပါဝင်ဆင်နွှဲနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို အားပေးကြည့်ရှုသည်။

အတာသင်္ကြန်(အကျနေ့)တွင် ဒေသခံပြည်သူများ အေးချမ်းစွာဖြင့် ပါဝင်ဆင်နွှဲနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ လမ်းလျှောက်သင်္ကြန်သို့လာရောက်ပါဝင်ဆင်နွှဲသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများဝေငှသည်။

ယနေ့နံနက်ပိုင်းမှစ၍ တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ကုသိုလ်ဒါနဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားရိပ်သာများ၌ တရားစခန်းဝင်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို စိတ်အေးချမ်းစွာ ဆောင်ရွက်ကြသည်။

မြန်မာ့ရိုးရာအတာကြန်ပွဲတော် အခါသမယတွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ်ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းသည့်ဓလေ့အား သရုပ်ဖော်ခြင်းကို ဒေသခံပြည်သူများက တပျော် တပါး ပါဝင်ဆင်နွှဲလျက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြ ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကြံခင်းမြို့၌ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ရေဆော့ကစားခြင်းနှင့် စတုဒိသာမုန့်များ ကျွေးမွေးလှူဒါန်း



**ကြံခင်း မေ ၁၄**

ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့ မဟာဗောဂလမ်း၌ မဟာသင်္ကြန်အကျနေ့တွင် ရိုးရာအစဉ်အလာမပျက် အေးချမ်းစွာ ရေဖလား၊ သပြေခက်တို့ဖြင့် ရေဆော့ကစားခြင်းနှင့် စတုဒိသာမုန့်များ ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုလမ်းလျှောက်သင်္ကြန်သို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများက အေးသင်္ကြန်အား ရေဖလားတွင် သပြေခက်၊ အမွှေးနံ့သာများထည့်ကာ အပြန်အလှန်ပက်ဖျန်းကြပြီး ပါဝင်ဆင်နွှဲကြသည့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ပက်ဖျန်းပေးကြသည်။

ထို့နောက် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်စေရန်အတွက် မြန်မာ့သနပ်ခါးလိမ်းခြယ်နေမှုကို ပါဝင်ဆင်နွှဲပြီး အပြန်အလှန်လိမ်းခြယ်နေမှု၊ စတုဒိသာ(ရွှေရင်အေး) ကျွေးမွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးသည်။

သင်္ကြန်ကာလအတွင်း ရပ်ကွက်၊ ကျေးရွာများတွင် စေတနာရှင်များက စတုဒိသာ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း စသည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ ရေပက်ကစားခြင်းတို့ကို အေးချမ်းသာယာစွာ ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် (အကျနေ့) ပြည်သူများ အေးချမ်းစွာဆင်နွှဲ

**ပွင့်ဖြူ မေ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ပြည်သူများက မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်(အကျနေ့)ကို ရှေးထုံးစဉ်လာများနှင့်အညီ ဥပုသ်သီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရေကစားခြင်း၊ တရားစခန်းများဝင်ရောက်ခြင်း၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အေးချမ်းစွာဆင်နွှဲလျက်ရှိသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော် ကာလအတွင်း စေတနာရှင်၊ အလှူရှင်များက သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ အာဟာရဒါနအဖြစ် ရွှေရင်အေး၊ သာကူချို၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ ကြာဆံဟင်းခါး၊ အအေး စသည့် စားသောက် ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းကြပြီး အချို့သော စေတနာရှင်အလှူရှင်များက ဘုန်းတော်ကြီး ကျောင်းများနှင့် ဘုရားကျောင်းကန်များရှိ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများအား ထမင်း၊ ဟင်းများချက်ပြုတ်၍ ကျွေးမွေး လှူဒါန်းကြကြောင်း သိရသည်။

**အေးချမ်းစွာဆင်နွှဲလျက်ရှိ**

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုနှင့်အညီ ကခုန်တီးမှုတ်ခြင်းမျိုးမပါရှိဘဲ တည်ငြိမ်အေးချမ်းသော သင်္ကြန်အဖြစ် ပြည်သူများက အေးချမ်းစွာ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းခြင်း၊ မြန်မာ့ရိုးရာသနပ်ခါးနေ့အထိမ်းအမှတ် သနပ်ခါးလိမ်းခြယ်ခြင်းတို့ဖြင့် အေးချမ်းစွာဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မဟာသင်္ကြန်အကျနေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ စတုဒိသာမဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပသည်။



မဟာသင်္ကြန်ပွဲတော်(အကျနေ့)တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ရိုးရာမပျက် သပြေခက်ဖြင့် ရေပက်ခဲ့ကြပြီး သင်္ကြန်ချစ်ပြည်သူများအား နံနက်ပိုင်းတွင် ထမင်းနှင့်ပဲကုလားဟင်း၊ ငရုတ်သီးကြော်၊ အတို့အမြှုပ်များဖြင့် သင်္ကြန်ထမင်း၊ ညနေပိုင်းတွင် မုန့်လက်ဆောင်းတို့ကိုကျွေးမွေးရာ လာရောက်စားသုံးသူများဖြင့် စည်ကားလျက်ရှိသည်။ ထိုသို့ စတုဒိသာကျွေးမွေးခြင်းများကို မေ ၁၃ ရက်(သင်္ကြန်အကြိုနေ့)မှစ၍ မေ ၁၆ ရက် (သင်္ကြန်အတက်နေ့)အထိ နေ့စဉ်စတုဒိသာ ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ညောင်ဦးမြို့နယ်၌ သင်္ကြန်ကာလ သောက်သုံးရေဖူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မကျီးတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သင်္ကြန်ကာလအတွင်း သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့ မြင့်မြတ်သူ သောက်သုံးရေဆပ်ကော်မတီက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

ယင်းသို့ လှူဒါန်းရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီမှ ဦးအောင်ငြိမ်း ဦးဆောင်သော ကော်မတီအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် မကျီးတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ဥပုသ်သီလဆောက်တည်ကြသူများနှင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများအတွက် သင်္ကြန်ကာလ သောက်သုံးရေဖူလုံစေရန် ရေဂါလန် ၂၀၀၀ ကို ဘုန်းတော်ကြီးကျောင်းဝင်းရှိ ရေလှောင်ကန်အတွင်း ဖြည့်တင်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# သွားရောက်လည်ပတ်သင့်သည့် ဘယ်လာရုစ်နိုင်ငံ

စိုးသူရ

ဘယ်လာရုစ်နိုင်ငံသည် သဘာဝအခွင့်ဖွယ်ရာများ၊ သမိုင်းဝင်ယဉ်ကျေးမှုများနှင့် ပြည့်နှက်နေသည့် အရှေ့ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ခရီးသွားများ နှစ်စဉ်သွားရောက်လည်ပတ်လေ့ရှိကာ သာယာလှပသည့် နိုင်ငံလည်းဖြစ်သည်။ ယနေ့ခေတ်နှင့် ဆိုဗီယက်ခေတ်ဗိသုကာများရောနေသည့် ဘယ်လာရုစ်နိုင်ငံ၏မြို့တော် မင့်စ်သည် သမိုင်း၊ ယဉ်ကျေးမှုကြွယ်ဝပြီး ခေတ်မီသည့် မြို့တစ်မြို့ဖြစ်သည်။ နိုင်ငံအတွင်းရှိ ခရီးသွားများသွားရောက်လည်ပတ်လေ့လာသင့်သည့်နေရာအချို့ကို ဖော်ပြလိုက်ရပါသည် –

**ပြတိုက်**

မြို့တော်မင့်စ်ရှိ Belarusian State Museum of the Great Patriotic War of the History သည် သိသာထင်ရှားသော ယဉ်ကျေးမှုနှင့် သမိုင်းဝင် အထင်ကရ နေရာတစ်ခုဖြစ်သည်။ အဆိုပါပြတိုက်သည် ဒုတိယကမ္ဘာစစ်သမိုင်းဆိုင်ရာ ကမ္ဘာ့ပထမဆုံးပြတိုက်ဖြစ်သည်။

ပြတိုက်သည် မြို့တော်မင့်စ်ရှိ Pobediteley Avenue တွင်တည်ရှိပြီး စတုရန်းမီတာ ၃၀၀၀ ကျယ်ဝန်းသည်။ ပြတိုက်အတွင်း၌ စစ်သုံးပစ္စည်းများ၊ စာရွက်စာတမ်းများနှင့် ဒုတိယကမ္ဘာစစ်အတွင်းမှ ပစ္စည်းများအပါအဝင် ရှေးဟောင်းပစ္စည်း ၁၄၅၀၀၀ ကျော်ကို ပြသထားသည်။ ပြခန်းတွင် စစ်အတွင်းက တိုက်ပွဲများအကြောင်းကို အကျဉ်းချုပ်ပြသထားပြီး နာဇီဂျာမနီကို အောင်နိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် အောင်ပွဲခန်းမကို ပြသထားသည်။



ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ ဒုတိယကမ္ဘာစစ်သမိုင်းဆိုင်ရာ ကမ္ဘာ့ပထမဆုံးပြတိုက်ကို တွေ့ရစဉ်။

**လွတ်လပ်ရေးရင်ပြင်**

မင့်စ်ရှိ လွတ်လပ်ရေးရင်ပြင်သည် ဥရောပရှိ အကြီးဆုံးရင်ပြင်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မြို့တော်၏ဗဟိုချက်ဖြစ်သည်။ လွတ်လပ်ရေးရင်ပြင်တွင် နိုင်ငံ၏ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အစိုးရအိမ်တော်၊ အုတ်နီဘုရားကျောင်း၊ ရေပန်းများနှင့် မြေအောက်ဈေးဝယ်စင်တာတို့ တည်ရှိသည်။

**မျက်ရည်ကျွန်း**

မျက်ရည်ကျွန်းသည် မင့်စ်ရှိ Svislach မြစ်ဘေးရှိ ကျွန်းတုလေးပေါ်တွင် တည်ရှိသည်။ အဆိုပါနေရာသည် ဆိုဗီယက်–အာဖဂန်စစ်ပွဲအတွင်း အသက်ဆုံးရှုံးခဲ့သော ဘယ်လာရုစ်တပ်မတော်သားများအား ဂုဏ်ပြုသည့်အထိမ်းအမှတ်ဖြစ်ပြီး စွန့်လွှတ်အနစ်နာခံမှုအတွက် အောက်မေ့ဖွယ်သင်္ကေတတစ်ခုဖြစ်လာခဲ့သည်။

**ဗရက်စ်ခံတပ်**

ဘယ်လာရုစ်နိုင်ငံရှိ ဗရက်စ်ခံတပ်သည် ဒုတိယကမ္ဘာစစ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်မှုကြောင့် ကျော်ကြားသော သမိုင်းဝင်နေရာတစ်ခုဖြစ်ခဲ့သည်။ ယင်းခံတပ်သည် ၁၉၄၁ ခုနှစ် Barbarossa စစ်ဆင်ရေးအတွင်း ဂျာမနီတပ်များကို ခုခံကာကွယ်ခဲ့သော ဆိုဗီယက်စစ်သည်တော်များ၏ ရဲစွမ်းသတ္တိအတွက် "သူရဲကောင်းခံတပ်"ဘွဲ့ကို ရရှိခဲ့သည်။

**အောင်မြင်မှုရင်ပြင်**

မင့်စ်ရှိ အောင်မြင်မှုရင်ပြင်သည် ဘယ်လာရုစ်နိုင်ငံ၏ ဂုဏ်ယူအောက်မေ့ဖွယ် အမှတ်အသားတစ်ခုဖြစ်သည်။ အောင်မြင်မှုရင်ပြင်သည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရုံသာမက သမိုင်းဝင်နေရာတစ်ခုလည်းဖြစ်သည်။

ယင်းရင်ပြင်၏အလယ်ဗဟိုတွင် အမြင့် ၃၈ မီတာရှိသော ကျောက်တုံးကြီးသည် အောင်ပွဲအထိမ်းအမှတ် သရဖူဆောင်းခဲ့သည့် အထိမ်းအမှတ်ကျောက်တိုင်ကြီးဖြစ်သည်။ ထိုကျောက်တိုင်ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဝါဒကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော တပ်မတော်သားများနှင့် တော်လှန်ရေးသမားများအား ဂုဏ်ပြုခြင်းဖြစ်သည်။

**ထာဝရမီးလျှံ**

၁၉၆၉ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့သည့် ထာဝရမီးလျှံသည် စစ်ပွဲအတွင်း ကျဆုံးသွားသော သန်းပေါင်းများစွာသောသူများကို ဂုဏ်ပြုခြင်းဖြစ်သည်။

**အောက်မေ့ဖွယ်ခန်းမ**

အောင်မြင်မှုရင်ပြင်အောက်တွင် စစ်ပွဲအတွင်း သေဆုံးခဲ့သည့် ဆိုဗီယက်ယူနီယံသူရဲကောင်းများ၏ အမည်များရေးထွင်းထားသည့် ကြေးပြားများပါသော အောက်မေ့ဖွယ်ခန်းမတစ်ခုရှိသည်။

**ဘယ်လာရုစ်အမျိုးသားစာကြည့်တိုက်**

မင့်စ်ရှိ ဘယ်လာရုစ်အမျိုးသားစာကြည့်တိုက်သည် ဗိသုကာလက်ရာမြောက်ပြီး အံ့ဖွယ်ကောင်းသော ယဉ်ကျေးမှုအချက်အချာနေရာဖြစ်သည်။ စာကြည့်တိုက်၏ အဆောက်အအုံမှာ ထူးခြားသော ဒီဇိုင်းရှိပြီး မျက်နှာ ၂၄ ခုရှိသည့် ဂျီဩမေတြီရုပ်ပုံသဏ္ဌာန်ရှိသည့် တောင်ဇလပ်ရုပ်နှင့်တူသည်။ ၎င်း၏ထူးခြားသောဒီဇိုင်းသည် အသိပညာနှင့် ဉာဏ်အလင်းကို ကိုယ်စားပြုသည်။

အထပ် ၂၃ ထပ်ဖြင့် ဖွဲ့စည်းထားသည့် စာကြည့်တိုက်မှနေ၍ မြို့တော်မင့်စ်၏ ရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်သည်။ စာကြည့်တိုက်တွင် စာအုပ်များ၊ စာမူများနှင့် မာလ်တီမီဒီယာအရင်းအမြစ်များ အပါအဝင် စာပေဆိုင်ရာပစ္စည်း အရေအတွက် ၁၀ သန်းခန့်ရှိသည်။



ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ အမျိုးသားစာကြည့်တိုက်ကို တွေ့ရစဉ်။

စာကြည့်တိုက်၌ ပြပွဲများ၊ ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို လက်ခံကျင်းပပေးကာ ယဉ်ကျေးမှုလှုပ်ရှားမှုများအတွက် ဗဟိုချက်နေရာဖြစ်သည်။ စာကြည့်တိုက်သို့ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်ဖြင့် အလွယ်တကူသွားရောက် လေ့လာနိုင်သည်။ စာပေလေ့လာသူများသည် ကော်ဖီဆိုင်နှင့် ပြခန်းအပါအဝင် ၎င်း၏အဆောက်အအုံအတွင်းကိုလည်း စူးစမ်းလေ့လာလည်ပတ်နိုင်သည်။

**နိုင်ငံငယ်သော်လည်းစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်သည့်နိုင်ငံ**

ဘယ်လာရုစ်နိုင်ငံသည် မြေဩဇာကောင်းသော မြေဆီလွှာနှင့် သမမျှတသော ရာသီဥတုရှိသည့်အတွက် အာလူးနှင့် သကြားမုန်လာဥကဲ့သို့သော သီးနှံများ စိုက်ပျိုးရန်အတွက် အကောင်းဆုံးနိုင်ငံဖြစ်သည်။ ဤသဘာဝအခြေအနေများသည် လယ်ယာကုန်ထုတ်စွမ်းအားကို မြင့်တက်စေခဲ့သည်။

အစိုးရက စိုက်ပျိုးရေးကို ဦးစားပေးပြီး ခေတ်မီစက်ကိရိယာများနှင့် တောင်သူလယ်သမားများအတွက် လေ့ကျင့်ရေးအစီအစဉ်များကို ထောက်ပံ့ပေးသည်။ ဤပံ့ပိုးကူညီမှုသည် စိုက်ပျိုးရေးကဏ္ဍကို ပြိုင်ဆိုင်မှုနှင့် ဆန်းသစ်တီထွင်မှုများရရှိစေသည်။

ဘယ်လာရုစ်နိုင်ငံသည် အရည်အသွေးမြင့် မျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် ခေတ်မီစက်ယန္တရားများကို အသုံးပြုခြင်းအပါအဝင် ခေတ်မီစိုက်ပျိုးရေး အလေ့အကျင့်များကို လက်ခံကျင့်သုံးနေသောကြောင့် အထွက်နှုန်းကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်သည့် နိုင်ငံဖြစ်သည်။

**ဘယ်လာရုစ်–တရုတ် ခရီးသွားကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်**

တရုတ်နိုင်ငံမှခရီးသွားများ ဘယ်လာရုစ်နိုင်ငံသို့ လာရောက်လည်ပတ်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများဆောင်ရွက်ထားကြောင်း ဘယ်လာရုစ်နိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီး အိုလက်အန်ဒရီ အိုင်ချက်က ဘယ်လာရုစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ခရီးသွားလုပ်ငန်းတာဝန်ရှိသူများနှင့် တွေ့ဆုံသည့် အခမ်းအနားတွင် ပြောကြားသည်။

တရုတ်နိုင်ငံနှင့်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးသည် ဘယ်လာရုစ်နိုင်ငံခြားရေးမူဝါဒ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့် သဘောတူညီချက်အရ မင့်စ်တွင် နိုင်ငံတကာအဆင့် ရေကူးကန်ကို ဖွင့်လှစ်ခဲ့ပြီး ဘောလုံးကွင်းတစ်ကွင်းကိုလည်း မကြာမီအချိန်တွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကာ ၎င်းအချက်များသည် နှစ်နိုင်ငံအကြား မိတ်ဆွေဖြစ်မှုနှင့် အပြန်အလှန်အကျိုးပြုမှုတို့ကို ပြသနေကြောင်း ၎င်းကပြောကြားသည်။

ပြီးခဲ့သောနှစ်အတွင်းက ဘယ်လာရုစ်ခရီးသွားလုပ်ငန်းမှ ကိုယ်စားလှယ်များသည် တရုတ်နိုင်ငံတွင် ကျင်းပသည့် ပွဲအများအပြားတွင် တက်ရောက်ခဲ့ကြသည်။ ထို့အပြင် တရုတ်ခရီးသွားလုပ်ငန်းရှင်များသည်လည်း ဘယ်လာရုစ်သို့ လေ့လာရေးခရီးစဉ်အဖြစ် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် သွားရောက်ခဲ့သည်။

နှစ်နိုင်ငံအကြား ယဉ်ကျေးမှုစင်တာများ ထူထောင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်နေပြီး ယဉ်ကျေးမှုဖလှယ်ရေး ဆောင်ရွက်လျက်ရှိသည်။

ပေကျင်းရှိ ဘယ်လာရုစ်ယဉ်ကျေးမှုစင်တာတွင် ဘယ်လာရုစ်အနုပညာရှင်များ၏ ဖျော်ဖြေပွဲများ၊ ပန်းချီပြပွဲများနှင့် အမျိုးသားအစားအစာပွဲတော်များကိုကျင်းပကာ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မှတ်တမ်းရုပ်ရှင်များ၊ ကာတွန်းရုပ်ရှင်များနှင့် ဇာတ်ညွှန်းရုပ်ရှင်များကို ပြသပြီး ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိသည်။

မင့်စ်ရှိ တရုတ်ယဉ်ကျေးမှုစင်တာတွင် အကဖျော်ဖြေပွဲများကဲ့သို့သော တရုတ်ရိုးရာဓလေ့များပြသသည့်ပွဲများကိုကျင်းပကာ တရုတ်ဘာသာစကား သင်ယူခြင်းနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းအတွက် ဘယ်လာရုစ်နိုင်ငံသားများကို တရုတ်ယဉ်ကျေးမှုနှင့် ရင်းနှီးစေရန် ပြပွဲများကျင်းပနေသည်။

ဘယ်လာရုစ်နိုင်ငံသည် သာယာလှပသည့် ရှုခင်းများရှိသောကြောင့် ကမ္ဘာလှည့်ခရီးသွားများအကြား သွားရောက်လည်ပတ်ရန် ရေပန်းစားသည့်နေရာအဖြစ် ရပ်တည်နေသည်။ ကမ္ဘာ့အရှေ့ခြမ်းဒေသနှင့် အနောက်ခြမ်းဆုံရာ နေရာတစ်ခုလည်းဖြစ်သည့်အတွက် ခရီးသွားရင်း ဗဟုသုတများစွာ ရရှိနိုင်မည့် ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်လည်ပတ်သင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား – Deputy Minister of Sports and Tourism: all conditions created in Belarus for tourists from China**

# လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** **-MYEBMMMY**
- **Beneficiary Name** **-Natural Disaster Management Fund**
- **Beneficiary A/C No** **-EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**




























# လျှော်လှုပ်ခတ်ပြီးနောက် အစိုးရနှင့်ပြည်သူ ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖော်ဆောင်ကြပါစို့

ကိုဘုန်း(ထုတ်လုပ်)

လျှော်လှုပ်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် အလွန်အရေးကြီးပါသည်။ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ လူ့အသက်ဆုံးရှုံးမှုများနှင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်နိုင်သောကြောင့် ထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်ပါက အဆိုပါနိုင်ငံရှိပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးစေသည်သာမက မူလအခြေအနေသို့ရောက်ရှိအောင် ပြန်လည်ထူထောင်ရသည့်အတွက် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပါသည်။

**ငလျင်အမျိုးအစားများ**

ကမ္ဘာ့မြေအောက်ကျောက်လွှာကြီးများ တစ်ခုနှင့်တစ်ခု တိုးတိုက်ရာမှ ထွက်ပေါ်လာသည့် စွမ်းအားများကြောင့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပေါ်လာရသည်။ မြေငလျင်ဖြစ်ပေါ်သည့်နေရာ၊ ငလျင်ဗဟိုချက်၊ မြေမျက်နှာပြင်နှင့် အကွာအဝေး၊ မြေအောက်အနက်ပေ မည်မျှတွင်လှုပ်သည် စသည့် အချက်များပေါ်တွင်မူတည်ကာ မြေငလျင်၏ ပြင်းအားနှင့် အပျက်အစီးတို့ ဖြစ်ပေါ်လာရသည်။ မြေငလျင်ပြင်းအားသတ်မှတ်မှု ရစ်(ချ်)တာစကေး ၁ မှ ၄ ဒသမ ၉ အထိကို အင်အားအနည်းငယ်ရှိသော ငလျင်အဖြစ်သတ်မှတ်ပြီး ရစ်(ချ်)တာစကေး ၅ မှ ၅ ဒသမ ၉ အထိကို အင်အားအသင့်အတင့်အဖြစ် သတ်မှတ်ထားရာ ထိုအဆင့်တွင် အပျက်အစီး အနည်းငယ်ရှိနိုင်သည်။ ရစ်(ချ်)တာစကေး ၆ မှ ၇ ဒသမ ၅ အထိ အင်အားပြင်းငလျင်အဖြစ် သတ်မှတ်ထားပြီး အပျက်အစီးများနိုင်သည်။ ရစ်(ချ်)တာစကေး ၇ ဒသမ ၆ မှအထက် ငလျင်ကြီးများမှာ အားအလွန်ပြင်းသော ငလျင်ကြီးများဖြစ်ပြီး ကြီးမားသည့် အပျက်အစီးများ ဖြစ်ပေါ်နိုင်သည်။

**ငလျင်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ**

ငလျင်လှုပ်ခတ်ပြီးနောက် ဆိုးကျိုးများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။ အိမ်ခြေ၊ ကျေးရွာများ ပျက်စီးခြင်းကြောင့် လူအများအိုးမဲ့အိမ်မဲ့ဖြစ်ကာ ယာယီခိုလှုံရာနေရာများ လိုအပ်လာနိုင်သည်။ ငလျင်လှုပ်ခတ်ပြီးနောက် အဆောက်အအုံပြိုကျခြင်း၊ ပြုတ်ကျသည့် ပစ္စည်းများကြောင့် ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်နိုင်ပါသည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ PTSD (Post–Traumatic Stress Disorder) ကဲ့သို့ စိတ်ဒဏ်ရာများ ဖြစ်ပေါ်နိုင်သည်။ လမ်းများ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်း စသည့်အခြေခံအဆောက်အအုံပျက်စီးခြင်း၊ စက်ရုံများ၊ ဈေးများ၊ ကုန်တိုက်များ ပြိုကျခြင်းကြောင့် စီးပွားရေးထိခိုက်မှုရှိခြင်း၊ ပျက်စီးသွားသော အဆောက်အအုံများကို ပြုပြင်ရန် ငွေကြေးအမြောက်အမြား လိုအပ်ခြင်းတို့ကြောင့် နောက်ဆက်တွဲ စီးပွားရေးဆိုင်ရာဆိုးကျိုးများကို ခံစားရနိုင်ပါသည်။ ငလျင်ကြောင့် မြေဆီလွှာပြိုကျခြင်း၊ ကမ်းရိုးတန်းဒေသများတွင် ငလျင်ကြောင့် ဆူနာမီလှိုင်းလုံးကြီးများ ဖြစ်ပေါ်ခြင်း၊ မြေကြီးအက်ကွဲခြင်းကြောင့် လမ်းများ၊ ရေမြောင်းများပျက်စီးခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို ခံစားရနိုင်ပါသည်။ ထို့ပြင် ရေသွယ်စနစ်ပျက်စီးခြင်းကြောင့် ရေရှားပါးမှု၊ ရေညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်း၊ ကယ်ဆယ်ရေးစခန်းများတွင်လူထူထပ်ပြီး ရောဂါကူးစက်မှု (ဥပမာ – ကိုဗစ်–၁၉ ၊ ဝမ်းလျှောရောဂါ)များ ဖြစ်နိုင်ခြေရှိခြင်း၊ စည်းကမ်းပျက်ပြားမှုများကြောင့် လုယက်မှုများ ဖြစ်ပေါ်နိုင်ခြေရှိပါသည်။ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ရက်သတ္တပတ်အတွင်း ငလျင်ငယ်များ (Aftershocks) ဆက်လက်လှုပ်ခတ်နိုင်ပြီး ပျက်စီးမှုကို ပိုမိုဆိုးရွားစေနိုင်ပါသည်။ ထို့ပြင် ဓာတ်ငွေ့ပိုက်လိုင်းပျက်စီးခြင်း၊ ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်းကြောင့် မီးလောင်မှုဖြစ်ပေါ်နိုင်ပါသည်။

**ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် ညွှန်ကြား**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်နေ့က အလွန်အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လမ်းညွှန်မှာကြားခဲ့ပါသည်။

ထိုသို့ လမ်းညွှန်မှာကြားရာတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပြိုကျပျက်စီးသွားသောအဆောက်အအုံများနှင့် အပျက်အစီးများအား ရှင်းလင်းဖယ်ထုတ်ခြင်းအပိုင်း၊ ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများအား ဘေးအန္တရာယ်မဖြစ်စေရေး စနစ်တကျရှင်းလင်းဖယ်ရှားခြင်းအပိုင်း၊ ပြန်လည်တည်ဆောက်ခြင်းအပိုင်းဟူ၍ အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်သွားရန်၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ငွေကြေးအင်အား၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများစွာဖြင့် ဆောင်ရွက်သွားရန်၊ ပုဂ္ဂလိကတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ထောက်ပံ့ပေးရန်၊ နိုင်ငံတကာက အကူအညီများတောင်းခံရာတွင် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်း ထည့်သွင်းတောင်းခံသွားရန်၊ အဆောက်အအုံ အာမခံလုပ်ငန်းများတွင် အာမခံထားရှိမှုများကိုလည်း စနစ်တကျစိစစ်၍ အာမခံငွေကြေးများရရှိရေးအတွက် ဆောင်ရွက်သွားရန်၊ ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံး ယခင်အခြေအနေအတိုင်း ပြန်လည်သွားလာနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို များစွာဆောင်ရွက်သွားရမည်ဖြစ်ပြီး ဦးစားပေးအဆင့်အလိုက် အမြန်ဆုံးဆောင်ရွက်ပေးသွားရန် စသည်ဖြင့် မှာကြားခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် ကူညီဆောင်ရွက်ခဲ့ကြသည်။

**ငလျင်လှုပ်ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေး**

ငလျင်နောက်ဆက်တွဲ ထူထောင်ရေးလုပ်ငန်းသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဘေးဒုက္ခများကို ခံနိုင်ရည်ရှိသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ပြန်လည်တည်ဆောက်ရန်မှာ အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ပါသည်။ ဤလုပ်ငန်းအောင်မြင်ရန် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါသည်။ ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးခြင်း၊ ဒုက္ခသည်များအား ယာယီခိုလှုံရာနေရာများဖန်တီးပေးခြင်း၊ အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုများပေးခြင်း၊ သောက်သုံးရေသန့် ဖြန့်ဖြူးပေးခြင်းတို့ကို အရေးပေါ်အဆင့်အနေဖြင့် သတ်မှတ်ပါသည်။

**ငလျင်လှုပ်ပြီးနောက် ရေရှည်တည်တံ့သော ပြန်လည်ထူထောင်ရေး**

ငလျင်လှုပ်ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများအပြီးတွင် ရေရှည်တည်တံ့သော ပြန်လည်ထူထောင်ရေး (Sustainable And Long–Term Recovery After An Earthquake) လုပ်ငန်းများ ဆောင်ရွက်ရန် အရေးကြီးပါသည်။ ရေရှည်ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာ၌–

**စီးပွားရေးနှင့် လူမှုရေး ပြန်လည်ထူထောင်ခြင်း**

- ငလျင်ဒဏ်ခံရသော လုပ်ငန်းရှင်များအား ငွေကြေးထောက်ပံ့မှုများ (အတိုးမဲ့ချေးငွေ၊ အလုပ်အကိုင်များဖန်တီးခြင်း)ပေးခြင်း၊
- ပျက်စီးသောဈေးများ၊ စက်ရုံများ၊ လယ်ယာမြေများကို ပြန်လည်ပြုပြင်ပေးခြင်း၊
- ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးရေး (ငလျင်ဒဏ်ခံနိုင်သော ခရီးသွားအဆောက်အအုံများ တည်ဆောက်ခြင်း)၊
- ပျက်စီးသောကျောင်းများကို ငလျင်ဒဏ်ခံနိုင်သည့်ဒီဇိုင်းဖြင့် ပြန်လည်တည်ဆောက်ခြင်း၊
- စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု (Psychosocial Support) ပေးခြင်း(အထူးသဖြင့် ကလေးများနှင့် သက်ကြီးရွယ်အိုများ)၊
- လူမှုအသိုက်အဝန်း ပြန်လည်စည်းလုံးရေးအတွက် လှုပ်ရှားမှုများပြုလုပ်ပေးခြင်း

စသည့်စီးပွားရေးနှင့် လူမှုရေးပြန်လည်ထူထောင်ခြင်းတို့ကို လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ထို့အပြင် အခြေခံအဆောက်အအုံများကိုလည်း စံချိန်စံညွှန်းနှင့်အညီ ပြန်လည်တည်ဆောက်ရာတွင်–

**အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်း**

- ငလျင်ဒဏ်ခံနိုင်သော (Earthquake–Resistant) အစိုးရရုံးများ၊ အိမ်များ တည်ဆောက်ရန် စံချိန်စံညွှန်းများချမှတ်ခြင်း၊
- အစိုးရနှင့် NGO များ၏ ပူးပေါင်းပါဝင်မှုဖြင့် အိမ်မဲ့ပြဿနာကို ဖြေရှင်းခြင်း၊
- ပျက်စီးသော ဆေးရုံများ၊ ဆေးခန်းများကို ခေတ်မီစွာ ပြန်လည်တည်ဆောက်ခြင်း၊
- လမ်းများ၊ တံတားများ၊ လျှပ်စစ်နှင့် ရေသွယ်စနစ်များ ပြန်လည်ပြုပြင်မွမ်းမံခြင်း

စသည်တို့ကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အနာဂတ်တွင်လည်း ငလျင်ဒဏ်ကာကွယ်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

**အနာဂတ်ဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များ**


- ငလျင်ကြိုတင်ခန့်မှန်းစနစ် (Seismic Monitoring) တိုးမြှင့်ခြင်း၊
- ပြည်သူလူထုကို ငလျင်နှင့်ပတ်သတ်၍ အသိပညာပေးလှုပ်ရှားမှုများပေးခြင်းနှင့် ငလျင်ဒဏ်ကျော်လွှားနိုင်အောင် လေ့ကျင့်ပေးခြင်း (ရုပ်သံမီဒီယာများ၊ ဆိုရှယ်ပလက်ဖောင်းများ၊ လက်ကမ်းစာစောင်များ၊ ငလျင်အန္တရာယ်ကာကွယ်ရေးသင်တန်းများ)၊
- လူထုအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု (Community–Based Disaster Risk Management – CBDRM) စနစ်များ ဖော်ဆောင်ခြင်း၊
- နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြန်လည်တည်ဆောက်ခြင်း စသည်တို့ဖြင့် ငလျင်လှုပ်ခတ်ပြီးနောက် ရေရှည်တည်တံ့သော ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

> **ငလျင်လှုပ်ပြီးနောက် စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံနှင့် ဘေးအန္တရာယ်ကာကွယ်ရေးစနစ်များကို ပိုမိုခိုင်မာစွာတည်ဆောက်ရန် လိုအပ်ပါသည်။ အစိုးရ၊ ပြည်သူနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုဖြင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းတစ်ခု ဖော်ဆောင်နိုင်ပါသည်။ သဘာဝဘေးဆိုသည်မှာ ရှောင်ပြေး၍မရနိုင်သော ဖြစ်စဉ်ဖြစ်သဖြင့် ထိရောက်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခြင်းဖြင့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို သိသိသာသာ လျှော့ချနိုင်**

ငလျင်လှုပ်ပြီးနောက် စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံနှင့် ဘေးအန္တရာယ်ကာကွယ်ရေးစနစ်များကို ပိုမိုခိုင်မာစွာတည်ဆောက်ရန် လိုအပ်ပါသည်။ အစိုးရ၊ ပြည်သူနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုဖြင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းတစ်ခု ဖော်ဆောင်နိုင်ပါသည်။ သဘာဝဘေးဆိုသည်မှာ ရှောင်ပြေး၍မရနိုင်သော ဖြစ်စဉ်ဖြစ်သဖြင့် ထိရောက်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ခြင်းဖြင့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို သိသိသာသာ လျှော့ချနိုင်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား။** ။ ကြေးမုံ(၃၁–၃–၂၀၂၅)

# တရုတ်သမ္မတ ရှီကျင့်ဖျင် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိ




**ဟနွိုင်း ဧပြီ ၁၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် နိုင်ငံတော်ခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ဧပြီ ၁၄ ရက်တွင် ရောက်ရှိလာခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဗီယက်နမ်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် ခရီးစဉ်အဖြစ် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ် တူလန်နှင့် သမ္မတလူအန်ကွမ်းတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ပြီး ယခုကဲ့သို့ မိမိအား ဖိတ်ကြားခြင်းအတွက် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗီယက်နမ်အစိုးရနှင့် ပြည်သူများအတွက် ဆုမွန်ကောင်းတောင်းပါကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က နွန်ဗိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာချိန်တွင် ပြောကြားသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီသည် နိုင်ငံအား အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့ကာ ဗီယက်နမ်နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်းမှာလည်း မြင့်မားလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်ကို မိမိတွေ့မြင်ရကြောင်း ရှီက ပြောကြားသည်။

ထို့ပြင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အစည်းအဝေးတွင်ချမှတ်ခဲ့သည့် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု မိမိယုံကြည်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချင်းချင်း အကူအညီပေးခဲ့သည့် ရဲဘော်ရဲဘက်ကောင်းများဖြစ်သည်ဟု ရှီက ပြောကြားသည်။ ယခုနှစ်သည် တရုတ်-ဗီယက်နမ် သံတမန်ဆက်ဆံရေး တည်ထောင်သည့် (၇၅)နှစ်မြောက် နှစ်ပတ်လည်အချိန်ဖြစ်သည့်အပြင် ယင်းကဲ့သို့ ခိုင်မာသည့်ဆက်ဆံရေးမှ တရုတ်-ဗီယက်နမ်အကြား မျှဝေသည့်အနာဂတ်ရှိသည့် အသိုက်အဝန်းကို တည်ထောင်ရန် အခွင့်အလမ်းများကို ရရှိလာခဲ့ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဂါဇာဒေသတွင် ထိန်းသိမ်းခံနေရသည့် အစ္စရေးဓားစာခံ ၁၀ ဦး ထပ်မံလွတ်မြောက်ရေး အတွက် ဆောင်ရွက်နေဟု အစ္စရေးဝန်ကြီးချုပ်ပြောကြား

**ဂျေရုဆလင် ဧပြီ ၁၄**

ဂါဇာဒေသတွင်ထိန်းသိမ်းခံနေရသည့် အစ္စရေးဓားစာခံ ၁၀ ဦး ထပ်မံလွတ်မြောက်ရေးအတွက် တောင်းဆိုသည့်စာကို ဟားမတ်စ်အဖွဲ့ ထံပေးပို့ထားကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ဓားစာခံတစ်ဦးဖြစ်သည့် အီဖရတ်မန်၏ မိသားစုထံ ဆက်သွယ်ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဆွေးနွေးမှုများအတွင်း အလားအလာကောင်းများ ရရှိခဲ့သည်ဟု နေတန်ယာဟုက အသိပေးခဲ့ကြောင်း ဓားစာခံများ၏ မိသားစုများကို ကိုယ်စားပြုသည့် တက်ကာဖိုရမ်အမည်ရှိ အဖွဲ့အစည်းက ပြောကြားသည်။ အစ္စရေး၏ ယခုတစ်ကြိမ်ဓားစာခံများ လွှတ်ပေးရေး တောင်းဆိုသည့်စာတွင် ၄၅ ရက်ကြာ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်၊ ဂါဇာဒေသသို့ အကူအညီများပေးပို့ရေးနှင့် ဓားစာခံများ ထပ်မံလွှတ်ပေးရေး တို့ကို တောင်းဆိုထားကြောင်း ဟားမတ်စ်တာဝန်ရှိသူက ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်တွင် ထာဝရအပစ်အခတ် ရပ်စဲရေးရရှိရန်၊ အစ္စရေးတပ်ဖွဲ့များ ဂါဇာဒေသမှဆုတ်ခွာရေး၊ ဟားမတ်စ် အဖွဲ့အားဖျက်သိမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခပြီးနောက် ဂါဇာဒေသ စီမံခန့်ခွဲရေးလုပ်ငန်းများ ပါဝင်သည်။

ဟားမတ်စ်အဖွဲ့သည် ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် စတင် ဆောင်ရွက်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးအရ ဓားစာခံ ၃၃ ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း အစ္စရေးက မတ် ၁၈ ရက်တွင် တိုက်ခိုက်မှု များ ပြန်လည်ဆောင်ရွက်ခဲ့သောကြောင့် အပစ်အခတ်ရပ်စဲရေးပျက်ပြား ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**




# ယီမင်နိုင်ငံမြို့တော် ဆာနာတွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူခြောက်ဦးအထိ ရှိလာ



**ဆာနာ ဧပြီ ၁၄**

ယီမင်နိုင်ငံမြို့တော် ဆာနာတွင် အမေရိကန်တပ်ဖွဲ့၏လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးသူ ခြောက်ဦးအထိ ရှိလာကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

အမေရိကန် တပ်ဖွဲ့၏ လေကြောင်း တိုက်ခိုက်မှုများသည် ဗာနီမာတာခရိုင်ရှိ ကြွေထည်ပစ္စည်းထုတ်လုပ်ရေး စက်ရုံကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများနှင့် ဒေသခံများက ပြောကြားသည်။ ထို့ပြင် ယီမင်နိုင်ငံ မြောက်ပိုင်း မာရစ်နှင့် အယ်လ်ဂျပ်ပြည်နယ်များတွင် လည်း အမေရိကန်က လေကြောင်း တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။

ယခု လေကြောင်းတိုက်ခိုက်မှုများ မပြုလုပ်မီ နာရီပိုင်းအလို အချိန်အတွင်း အစ္စရေးတပ်ဖွဲ့၏ အက်ဒေ့ါမစ်ချယ် စခန်းနှင့် အစ္စရေးနိုင်ငံရှိ ဗန်ဂူရွန်လေဆိပ်များအား ဟူသီအဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

**ပြောကြား**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဟူသီအဖွဲ့နှင့် အစ္စရေး၊ အမေရိကန် မဟာမိတ်များအကြား တင်းမာမှုများ မြင့်တက်ခဲ့သည်။ အမေရိကန်က ယီမင်အစိုးရ တပ်ဖွဲ့များကို ကူညီနေသရွေ့ မိမိတို့ကလည်း တုံ့ပြန်တိုက်ခိုက်မည်ဟု ဟူသီအဖွဲ့က ပြောကြားသည်။

ယီမင်နိုင်ငံမြောက်ပိုင်းရှိ ဒေသများကို သိမ်းပိုက်ထားသည့် ဟူသီအဖွဲ့သည် ဂါဇာဒေသတွင် အစ္စရေးက တိုက်ခိုက်နေသည့် စစ်ပွဲကို ရပ်တန့်ပြီး အကူအညီများ ဝင်ရောက်ခွင့်ပြုမှသာ မိမိတို့၏ တိုက်ခိုက်မှုကို ရပ်တန့်မည်ဟု ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်ကျင်းပ

**ဖနောင်ပင် ဧပြီ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်ကို ဧပြီ ၁၄ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

**အောင်မြင်မှုများရရှိ**

ကမ္ဘောဒီးယား နိုင်ငံသားများအတွက် နှစ်သစ်တွင် ဆုမွန်ကောင်းများတောင်းပါကြောင်းနှင့် အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်များ ထမ်းဆောင်မည်ဟု ဝန်ကြီးချုပ် ဟွန်မာနက်က နှစ်သစ်ဆုတောင်းစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။ ယမန်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ နိုင်ငံခြားရေး၊ ကုန်သွယ်ရေး၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊ ခရီးသွား၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ်အတွင်း အစိုးရသည် ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ နှစ်သစ်ကူးကာလအတွင်း နိုင်ငံသားများသည် ဘုရားကျောင်းကန်များသို့ သွားရောက်ပြီး ကွယ်လွန်သူများအတွက် ကုသိုလ်ကောင်းမှုများပြုကြကာ နှစ်သစ်တွင် ကံကောင်းပျော်ရွှင်စေရေးအတွက် ဆုတောင်းကြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံတွင် အဝလွန်မှုတိုက်ဖျက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်

**ပေကျင်း ဧပြီ ၁၄**

တရုတ်နိုင်ငံသည် နိုင်ငံသားများ ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်း အဝလွန်မှုတိုက်ဖျက်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်နေကြောင်း သိရသည်။

**ဖော်ပြထား**

နိုင်ငံသားများအကြား အဝလွန်မှုပြဿနာသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာဖြစ်လာသည်ဟု ယနေ့တွင် အမျိုးသားကျန်းမာရေးကော်မရှင်က ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၃၀ ပြည့်နှစ်အထိ ရည်မှန်းထားသည့် အဝလွန်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကိုယ်အလေးချိန် ထိန်းသိမ်းရေးဦးစားပေးသည့် ပတ်ဝန်းကျင်များ ဖန်တီးရန်၊ အဝလွန်မှုမှတစ်ဆင့် ဖြစ်လာသည့် ကျန်းမာရေးပြဿနာများကို နိုင်ငံသားများအား အသိပေးရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံများကို အားပေးမြှင့်တင်ရေးဆောင်ရွက်ရန် ညွှန်ကြားထားသည်။

လက်ရှိအချိန်တွင် အထိုင်များသည့် လူနေမှုပုံစံများနှင့် ကယ်လိုရီများသည့်အစားအသောက်များကို စားသောက်ခြင်းက အဝလွန်မှုကို ဖြစ်စေသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် PM2.5 Monitor စက်တပ်ဆင်၍ လေအရည်အသွေး (PM2.5) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် PM2.5 တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မတ်လ ၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁၇ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စု များအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေးပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်း ကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

## မင်းဘူးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးသိမ်မွေ့ပြီး အေးသင်္ကြန်အဖြစ် ကျင်းပ




မင်းဘူး မေ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသောအေးသင်္ကြန်အဖြစ် ဧပြီ ၁၄ ရက် (မဟာသင်္ကြန်အကျနေ့) နံနက်ပိုင်းက မင်းဘူး ဦးသြဘာသမြို့နယ် ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

မင်းဘူးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် မင်းဘူးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်အတူ သင်္ကြန်ရေအေးကို သပြေခက်၊ ရေဖလားများဖြင့် အပြန်အလှန်ပက်ဖျန်းကြသည်။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောရန်နှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ရန်စသည့် ရည်ရွယ်ချက်များဖြင့် မင်းဘူးမြို့ဗဟိုမဏ္ဍပ်၌ ကျင်းပလျက်ရှိရာ မဟာသင်္ကြန်ပွဲတော်ကျင်းပစဉ်ကာလအတွင်း ပြည်သူများအနေဖြင့် အေးချမ်းစွာလာရောက်ရေကစားနိုင်ပြီး ပါဝင်ဆင်နွှဲကြသူများအားလုံးကို သင်္ကြန်စတုဒိသာများဖြင့် နေ့စဉ်ညွှေ့ခံကျွေးမွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

### မြေငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာသတိပြုရန်အချက်များ

လတ်တလောဖြစ်ပွားခဲ့သောမြေငလျင်ဘေးအန္တရာယ်ကြောင့် အဆိုပါဒေသတွင် နေထိုင်သူများ၊ ယာယီကယ်ဆယ်ရေးစခန်းများတွင်ခေတ္တလာရောက်နေထိုင်နေသူများနှင့် မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်လျက်ရှိသူများအနေဖြင့် အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ပါ။ အကယ်၍နေထိုင်မကောင်းဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံး သွားရောက်ပြသ၍ ဆေးကုသမှု ခံယူပါ။

**(၁) ကူးစက်ရောဂါများနှင့် မြွေအန္တရာယ်ကာကွယ်ပါ၊**

**ဝမ်းပျက်ဝမ်းလျှောရောဂါ –**

- ချက်ပြုတ်ပြီး အစားအစာများအား သိမ်းဆည်းသိုလှောင်ထားခြင်းမပြုဘဲ ချက်ချင်း စားသုံးရန်၊
- ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိအမှတ်ပြု သောက်ရေသန့်ကိုသာသောက်သုံးရန်၊
- အစားအသောက်ပြင်ဆင်ချက်ပြုတ်သုံးစွဲရာတွင် ရေသန့်စင်ဆေးပြား သို့မဟုတ် ကလိုရင်းဆေး (Bleaching Powder) ခတ်ထားသော ရေကိုအသုံးပြု၍ ချက်ပြုတ်ရန်၊
- အစားအသောက်မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျလက်ဆေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုရန်၊
- ယာယီနေထိုင်ရာနေရာများတွင် စနစ်တကျဆောက်လုပ်ပေးထားသည့် အိမ်သာများကိုသာ အသုံးပြုရန်၊
- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ရန်။

**မျက်စိနာရောဂါ –**

- မျက်မှန်တပ်ရပါက မျက်မှန်ကို မကြာခဏသန့်ရှင်းရေးပြုလုပ်ရန်၊
- မျက်စိနာနေသူ၏ အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင် ပစ္စည်းများကို အခြားသူများနှင့်မျှဝေသုံးစွဲခြင်း လုံးဝ မပြုလုပ်ရန်၊ ထိုသူ၏ အဝတ်အစားများကို သီးသန့် လျှော်ဖွပ် သန့်စင်ရန်၊

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခြင်မှတစ်ဆင့်ကူးစက်သောရောဂါများနှင့် မြွေအန္တရာယ် –**

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ရန်၊
- မိုးရွာသည့်အချိန် သို့မဟုတ် နံနက်ပိုင်း အအေးပိုလာချိန်တွင် အအေးမိခြင်းမဖြစ်စေရေး သတိပြု ဆောင်ရွက်ရန်၊
- ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာ အိပ်ရန်၊
- ယာယီတဲများကို မြွေနှင့်အခြားအဆိပ်ရှိသတ္တဝါများ မဝင်ရောက်စေရေး သတိပြုဆောင်ရွက်ရန်။

**(၂) အပူဒဏ်ကာကွယ်ရေး သတိပြုဆောင်ရွက်ပါ၊**

- ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင်နားနေရန်၊
- အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ရန်၊
- ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ရန်၊
- အရက်သေစာသောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရနိုင်သောကြောင့် ရှောင်ကြဉ်ရန်၊
- ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးရန်၊
- မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ရန်။

**ကျန်းမာရေးဝန်ကြီးဌာန (၇-၄-၂၀၂၅)**

## UNIT-10

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



### ကျောင်းသားနဲ့ ရှင်ပြုပွဲ

ရှင်ပြုခြင်းဆိုတာ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေရဲ့ ရိုးရာဓလေ့တစ်ခုပါ။ သားယောကျ်ားလေးတွေ အရွယ်ရောက်လာရင် သာသနာ့ဘောင်ကို ခဏတာဝင်ရောက်ပြီး ဗုဒ္ဓရဲ့တရားတော်တွေကို လေ့လာသင်ယူဖို့အတွက် သင်္ကန်းဝတ်ပေးတဲ့ အလှူပွဲတစ်ခုပါ။ မြန်မာနိုင်ငံမှာ ရှင်ပြုပွဲဆိုတာ ဗုဒ္ဓဘာသာရောက်ကတည်းက စခဲ့မယ်လို့ ခန့်မှန်းရပါတယ်။ နွေရာသီကျောင်းပိတ်ချိန်တွေမှာ ရှင်ပြုပွဲ၊ နားသပွဲတွေ အများဆုံး လုပ်ကြတယ်။ မိဘတွေက သားတွေကို ရှင်သာမဏေဝတ်ပေး၊ သမီးတွေကို နားသပေးတဲ့ အစဉ်အလာတစ်ခုပါ။ မြတ်စွာဘုရားလက်ထက်ကလို ရိုးရိုးရှင်းရှင်းဆံချပြီး သာမဏေဝတ်ပေးရုံဆိုရင် အလှူလေး ရှင်ပြုပွဲလို့ခေါ်တယ်။ ချမ်းသာတဲ့သူတွေက အကျယ်တဝင့်လုပ်ရင်တော့ အလှူကြီးရှင်ပြုပွဲပေါ့။ အလှူကြီးတွေမှာ အလှူမဏ္ဍပ်ကြီးတွေ ဆောက်ပြီး ဆိုင်း၊ အငြိမ့်၊ ဇာတ်တွေနဲ့ ဧည့်ခံကြတယ်။ အလှူလှည့်တာ၊ ဘိသိက်ခံတာတွေလည်း လုပ်ကြတယ်။ ဒါတွေက ဘာသာရေးထက် ရိုးရာဓလေ့တွေ ပိုများတာပေါ့။

အလှူလှည့်တဲ့အခါ ရှင်လောင်းတွေကို ရှင်လောင်းဝတ်စုံ၊ နားသတွေကို နားသဝတ်စုံတွေ ဝတ်ပေးကြတယ်။ ရှင်လောင်းတွေကို လူကြီးတွေက ထမ်းပြီးလှည့်တာ ဒါမှမဟုတ် မြင်း၊ ဆင်တွေပေါ်တင်ပြီး လှည့်ကြတယ်။ နားသတွေကိုတော့ လှည်းတွေနဲ့တင်ပြီးလှည့်တယ်။ အလှူရှင်တွေက ရိုးရာဝတ်စုံတွေနဲ့ ပရိက္ခရာရှစ်ပါးကိုင်ပြီး လိုက်ကြတယ်။ ရပ်ရွာက အမျိုးသမီးတွေကလည်း အလှဆုံးဝတ်စုံတွေနဲ့ ကွမ်းတောင်၊ ပန်းတောင်တွေကိုင်ပြီး လိုက်ကြတယ်။ ကာလသားတွေကလည်း အိုးစည်၊ ဒိုးပတ်၊ သျှိုးလိုက်ရတုတွေနဲ့ လိုက်ကြတယ်။ တချို့အလှူတွေမှာ ဆင်အကတွေလည်း ထည့်ကြတယ်။ ဝင်းခင်းတာကတော့ ရှေးခေတ်ဘုရင်တွေထွက်တဲ့ပုံစံကိုတုပြီး လုပ်တာပါ။ ရာဇဝင်းလို့ခေါ်တယ်။ တချို့က နတ်တွေပါတဲ့ ဒေဝါဝင်းကိုလည်း ထည့်လုပ်ကြတယ်။ အဓိကကတော့ အလှူကို ခမ်းခမ်းနားနားဖြစ်အောင်၊ ပျော်ပျော်ပါးပါးဖြစ်အောင် လုပ်ကြတာပါ။

**A Myanmar Tradition**

This passage describes the traditional Shinbyu ceremony in Myanmar, a significant rite of passage for young boys. It's believed that the practice started when Buddhism arrived in the country. The ceremonies are most often held during the hot season, when schools are closed.

**Shinbyu and Ear-Piercing**

It's about parents having their sons ordained as novice monks (Shinbyu) and their daughters having their ears pierced (ear-piercing ceremony).

**Simple vs. Grand Celebrations**

စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

A simple ceremony is called "simple donation", while a grand one is "grand donation".

The Grand Ceremonies involve elaborately decorated pavilions (မဏ္ဍပ်), traditional music (ဆိုင်းဝိုင်း), dance performances (အငြိမ့်), and plays (ဇာတ်ပွဲ).

There are also processions and ritualistic blessings.

The pavilions are mainly for guests to relax, eat, and enjoy the entertainment.

**The Procession:**

The boys wear special Shinbyu costumes, and the girls wear ear-piercing costumes.

The boys are often carried on the shoulders of older men or ride horses or elephants.

The girls ride in decorated carts.

The parents wear traditional clothing and carry ritual objects.

Local women carry offerings, and men provide music.

**Royal Influence: The "Win Khin" Custom**

Sometimes, elephant dances and other performances are included.

The royal procession "ဝင်းခင်း" custom imitates the processions of ancient Burmese kings.

It can also involve the inclusion of spirit or deva representation.

The goal is to make the ceremony grand and joyful.

**WORD BANK**

Novitiation Ceremony = ရှင်ပြုပွဲ (also known as the Shinbyu)
Ordination = ရှင်ပြုခြင်း
Ear-piercing Ceremony = နားထွင်းပွဲ (နားသပွဲ)
Monk = ဘုန်းကြီး / ရဟန်း
Novice Monk = ရှင်သာမဏေ / ရှင်လောင်း
Donation/Offering = အလှူ
Grand Ceremony = အလှူကြီး
Simple Ceremony = အလှူလေး
Pavilion = မဏ္ဍပ်
Procession = အလှူလှည့်ခြင်း
Blessing = ဘိသိက်သွန်းခြင်း
Traditional Music = ဆိုင်းဝိုင်း
Dance Performance = အငြိမ့်
Play/Theater = ဇာတ်ပွဲ
Ritual Objects = ပရိက္ခရာ
Royal Procession = ဝင်းခင်းခြင်း
Spirit/Deva = နတ် / ဒေဝါ
Costumes = ဝတ်စုံ
Elephant Dance = ဆင်အက
Shoulder (carry on) = ပခုံးပေါ်တင်
Umbrella (gold) = ရွှေထီး
Entertainment = ဖျော်ဖြေခြင်း

## စကားသုံးမတိကျမှု အမှားများ

လှသမိန်

(၁၈-၃-၂၀၂၅ ရက်နေ့မှအဆက်)

**မျှ-မဆို**

၁။ ကလေးအား မည်သည့်အစာကို**မျှ** ကျွေးရန် ဆရာဝန်က အကြံမပေးသေးပါ။
(မျှ)ဟူသောစကားသည် ငြင်းပယ်သောကြိယာအတွက်သာသုံး၍ မကျွေးရန်ရည်၍သုံးသည်။ အစာဟူသမျှ လုံးဝမကျွေးရသေးကြောင်း သိနိုင်သည်။

၂။ ကလေးအား မည်သည့်အစာကို**မဆို** ကျွေးရန် ဆရာဝန်က အကြံမပေးသေးပါ။
(မဆို)ဟူသောစကားသည် အကန့်အသတ်မရှိကြောင်းကိုပြ၍ အစားအစာအမျိုးစုံကိုကား ကျွေးရန်မထောက်ခံ၊ သို့ရာတွင် ကျွေးနေကျအစားအစာကိုမူ ကန့်ကွက်ခြင်းမပြုသည့် အဓိပ္ပာယ်ပေါက်နေလေသည်။
(မျှ)သည် အနည်းဆုံး အတိုင်းအဆကိုပြ၍ ငြင်းပယ်သည့်ကြိယာနှင့်သုံးရ၍၊ (မဆို)သည် အများဆုံးအတိုင်းအဆကိုပြ၍ ရိုးရိုးကြိယာနှင့် သုံးနိုင်သည်။

**အကြောင်း-ပုံ**

၁။ ဆရာသည် သူငယ်၏ကြိုးစားခြင်း**အကြောင်း**ကို မိခင်အား ပြောပြသည်။
သူငယ်ကြိုးစားရခြင်း၏ အကြောင်းရင်းရည်ရွယ်ချက်ကို ပြောပြသည်ဟု အဓိပ္ပာယ်ရောက်သည်။

၂။ ဆရာသည် သူငယ်၏ကြိုးစားပုံကို မိခင်အား ပြောပြသည်။
သူငယ် မည်သို့မည်ပုံကြိုးစားသည်ကို ရှင်းလင်းပြောပြသည်ဟု နားလည်ရလေသည်။

**ဖြင့်-နှင့်**

၁။ လူဆိုးသည် သေနတ်**နှင့်** သေနေသည်။
သေနတ်ကိုပိုက်လျက်၊ သေနတ်နှင့်တစ်ပါတည်း သေနေသည်ဟု နားလည်ရသည်။

၂။ လူဆိုးသည် သေနတ်**ဖြင့်** သေနေသည်။
သေနတ်ဒဏ်ချက်ဖြင့်၊ သေနတ်ပစ်ခံရ၍ သေနေသည်ဟု နားလည်ရသည်။

**သည်-ပြီ**

၁။ သူ ဘယ်တော့မှ ဝတ္ထုမဖတ်**သည်ကို** ကျွန်ုပ်သိသည်။
ဝတ္ထုကို ဖတ်လေ့ဖတ်ထ မရှိကြောင်းကို သိသည်။

၂။ သူ ဘယ်တော့မှ ဝတ္ထုမဖတ်**ပြီဟု** ကျွန်ုပ်သိသည်။
ဝတ္ထုကို ယခင်က ဖတ်ခဲ့သော်လည်း၊ ရှေ့အဖို့ မဖတ်တော့ပြီဖြစ်ကြောင်းကို သိသည်။

**ပြီး-ကာ**

၁။ ဧည့်သည်သည် လက်ဖက်ရည်ကြမ်းသောက်**ကာ** ထမင်းစားသည်။
ထမင်းစားဆဲမှာပင် လက်ဖက်ရည်ကြမ်းသောက်ကြောင်း သိသာသည်။

၂။ ဧည့်သည်သည် လက်ဖက်ရည်ကြမ်းသောက်**ပြီး** ထမင်းစားသည်။
လက်ဖက်ရည်ကြမ်းသောက်ခြင်း ပြီးစီးသည့်အခါမှ ထမင်းကို ဆက်၍စားကြောင်း သိသာသည်။

**တွင်-အနက်**

၁။ ဤစာအုပ်များ**တွင်** ဘာသာရေးစာပေ မပါဝင်ချေ။
စာအုပ်တစ်အုပ်စီအတွင်း၌ ဘာသာရေးနှင့်ဆိုင်သောစာဟူ၍ မပါဝင်ကြောင်းကို ပြသည်။

၂။ ဤစာအုပ်များ**အနက်** ဘာသာရေးစာပေမပါဝင်ချေ။
စာအုပ်အားလုံးပေါင်းတွင် ဘာသာရေးအကြောင်းကို သီးခြားရေးသော စာတစ်အုပ်တလေမျှ မပါကြောင်းကို ပြသည်။

**၍-လျက်**

၁။ ဤလူသည် ခြေတစ်ပေါင်ကျိုးခုန်**၍** ခရီးဝေးသွားနိုင်သည်။
ခြေတစ်ပေါင်ကျိုးခုန်နိုင်သည်မှာ အစွမ်းတစ်ခုဖြစ်၍ ခရီးဝေးသွားနိုင်ခြင်းမှာ အစွမ်းတစ်ခုဖြစ်သည်ဟု နားလည်ရသည်။

၂။ ဤလူသည် ခြေတစ်ပေါင်ကျိုးခုန်**လျက်** ခရီးဝေးသွားနိုင်သည်။
ခြေတစ်ပေါင်ကျိုးခုန်ရင်းနှင့် ခရီးဝေးသည်အထိ သွားနိုင်စွမ်းသည်ဟု နားလည်ရသည်။

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။**

☆ **မန်ယူအသင်းမှ**

၇၇ မိနစ်မှာ ဂွီမာရေ့စ်ကတစ်ဂိုး သွင်းယူပေးခဲ့ကာ မန်ယူအသင်းအတွက် ချေပဂိုးကိုတော့ ၃၇ မိနစ်မှာ ဂါနာချိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ နည်းပြအက်ဒီဟိုဝီ ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေရစဉ်မှာပင် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့ပါတယ်။

နယူးကာဆယ်အသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် တစ်ပွဲလျော့အနေအထားမှာပင် အမှတ်ပေးဇယား တတိယနေရာက နော့တင်ဟမ်ဖောရက်စ်အသင်းကို လိုက်မီရန် တစ်မှတ်သာ ကွာဟတော့တာ ဖြစ်ပါတယ်။

**အဆင့်(၁၄)နေရာမှာ ရပ်တည်**

မန်ယူအသင်းကတော့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် လက်ရှိနည်းပြ အမော်ရင်လက်ထက်မှာ ပရီမီယာလိဂ် ၂၁ ပွဲမှာ ၁၀ ပွဲအထိ ရှုံးပွဲကြုံခဲ့ပြီး တန်းဆင်းဇုန်အထက်က ဝက်စ်ဟမ်းအသင်းနဲ့ သုံးမှတ်အကွာ ရမှတ် ၃၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် ပြောင်းလဲသတ်မှတ်ခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၅-၂၀၂၆ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဟံသာဝတီရိမြို့ကွက်ဖော်ထုတ်ရေးစီမံကိန်းအား လုပ်ငန်းတင်ဒါစနစ်ဖြင့်ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်အား အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည် -

**မူလကြေညာခဲ့သည့် ရက်စွဲ**

| | |
|---|---|
| တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - ၂၂-၄-၂၀၂၅ (အင်္ဂါနေ့) |
| တင်ဒါDeposit နောက်ဆုံးတင်သွင်းရမည့်ရက် | - ၂၂-၄-၂၀၂၅ (အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာ (နည်းပညာအဆိုပြုလွှာ စာအိတ်-A) နောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် | - ၂၃-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့) |

**ပြောင်းလဲသတ်မှတ်သည့် ရက်စွဲ**

| | |
|---|---|
| တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | -၂-၅-၂၀၂၅(သောကြာနေ့) |
| တင်ဒါDeposit နောက်ဆုံးတင်သွင်းရမည့်ရက် | -၂-၅-၂၀၂၅(သောကြာနေ့) |
| တင်ဒါလျှောက်လွှာ (နည်းပညာအဆိုပြုလွှာ စာအိတ်-A) နောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် | -၅-၅-၂၀၂၅ (တနင်္လာနေ့) |

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက (၇-၄-၂၀၂၅)ရက်မှ (၂-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 09-5195223, 09-5080434, 09-5086690, 09-426456233, 09-500782, 09-5370792

**တင်ဒါကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁၈)ရက် (သောကြာနေ့)ညတွင် နှစ်သစ်အတွက် မင်္ဂလာရှိသော မြန်မာသံ/ခေတ်ပေါ်စတီရီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"မင်္ဂလာနှစ်သစ်ဦး"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၈-၄-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မင်္ဂလာနှစ်သစ်ဦး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ချမ်းမြေ့ပါစေ | ပြင်ပအဆိုရှင် |
| ၂။ | မြင့်မြတ်သူတို့နှလုံးသား | ဌာနအဆိုရှင် |
| ၃။ | မေတ္တာလေညှင်း | ပြင်ပအဆိုရှင် |
| ၄။ | မင်္ဂလာနှစ်သစ်ဦး | ပြင်ပအဆိုရှင် |
| ၅။ | သံသရာခရီးသွား | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ပရဟိတ | ပြင်ပအဆိုရှင် |
| ၇။ | မင်္ဂလာနံနက်ခင်း | ပြင်ပအဆိုရှင် |
| ၈။ | ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပါစေ | ပြင်ပအဆိုရှင် |
| ၉။ | မေတ္တာသံဝေ | ပြင်ပအဆိုရှင် |
| ၁၀။ | မေတ္တာလွှမ်းခြုံ | ပြင်ပအဆိုရှင် |
| ၁၁။ | ရွှင်လန်းချမ်းမြေ့ပါစေ | ပြင်ပအဆိုရှင် |

○ **ကျောဖုံးမှ**

ရွှေတံဆိပ်ဆုကို လည်းကောင်း၊ -70 kg ပြိုင်ပွဲတွင် မယွန်းဝတီစိုးက ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ -70 kg ပြိုင်ပွဲတွင် မဖြိုးရွှေဇင်ကျော်က ငွေတံဆိပ်ဆုကို လည်း




ကောင်း၊ -81 kg ပြိုင်ပွဲတွင် မောင်သန့်ဇင်ဝင်းအောင်က ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ဧပြီ ၁၁ ရက်မှ ၁၃ ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် PENANE INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် မြန်မာဂျူဒိုအသင်းမှ အုပ်ချုပ်သူ၊ နည်းပြ/ဒိုင် ခြောက်ဦးနှင့် ဂျူနီယာတန်းတွင် အသက်(၁၀)နှစ်အောက် လေးဦး၊ အသက်(၁၂)နှစ်အောက် နှစ်ဦး၊ အသက်(၁၈)နှစ်အောက် တစ်ဦး၊ စီနီယာတန်းတွင် လူငယ်လေ့ကျင့်ရေးစခန်း(Youth Camp)မှ တစ်ဦး၊ ပဏာမလက်ရွေးစင် လေးဦး၊ အားကစားသမား ၁၂ ဦး စုစုပေါင်း ၁၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲများအပြီးတွင် မြန်မာဂျူဒိုအသင်းအနေဖြင့် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်(အကျနေ့)တွင် ပြည်သူများ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ပါဝင်ဆင်နွှဲလျက်ရှိ

**ရန်ကုန် ဧပြီ ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(အကျနေ့) ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မဟာသင်္ကြန် စတုဒိသာမဏ္ဍပ်၌ ရေကစားကြသူများနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အင်းစိန်မြို့နယ် မဟာသင်္ကြန် စတုဒိသာမဏ္ဍပ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် စေတနာအလှူရှင်များ စုပေါင်းကာ ပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းပေးခြင်းဖြစ်ပြီး သင်္ကြန်အတက်နေ့အထိ ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရပ်ကွက်၊ ကျေးရွာများရှိ စတုဒိသာမဏ္ဍပ်များတွင် စေတနာရှင်အလှူရှင်များ စုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများ၊ ဘုန်းတော်ကြီးကျောင်းတိုက်များတွင် တရားဒေသနာတော် နာယူကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများနှင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**





# သာပေါင်းမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့ စတုဒိသာ အလှူပြု

**သာပေါင်း ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန် အကျနေ့ စတုဒိသာကျွေး အလှူဒါနပြုခြင်းကို ယနေ့ နံနက် ၉ နာရီက ပြုလုပ်သည်။

**အလှူဒါနပြု**

ထိုသို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့ ရေကစားလည်ပတ်ကြသူများအား စတုဒိသာကျွေး အလှူဒါနပြုခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက ကမ်းနားလမ်း ပြည်သူ့ပန်းခြံရှေ့၌ မုန့်လုံးရေပေါ် စတုဒိသာ၊ မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက သာပေါင်းမြို့နယ် မီးသတ်စခန်းရှေ့၌ နို့ဆန်ပြုတ် စတုဒိသာများ ညှော်ခံကျွေးမွေး အလှူဒါနပြုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်မေ
## အသက်(၁၀၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ အမှတ်(၁၂၈)၊ ကျိုက္ကဆံလမ်းနေ(ဦးဘလူ-ဒေါ်သန်းတင်) တို့၏သမီး၊ (ဦးသာဒင်-ဒေါ်မယ်မြင့်) တို့၏သမီးချွေးမ၊ (ဦးမြသိန်း)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်မြမြညွန့်(မြန်မာ့အာမခံ-ငြိမ်း)၊ ဦးသိန်းဝင်း-(ဒေါ်စုစုဝင်း)၊ (ဒေါ်စန်းစန်းဝင်း)၊ (ဦးသိန်းထွန်း-ဒေါ်လှလှ)တို့၏ ချစ်လှစွာသော မိခင်၊ ကိုအောင်ကျော်ဇော-မရတနာ၊ ကိုဝင်းသူရိန်-မစုမြတ်ဇင်(ခေတ္တ-USA)၊ ကိုမင်းသူဇင်၊ မရင်သွေးပိုင်၊ ကိုဟန်မင်းသူတို့၏အဘွား၊ မောင်ရှိန်းသူရိန်၊ မောင်ဟိန်းသူရိန်တို့၏ ဘွားဘွားကြီးသည် ၁၃-၄-၂၀၂၅(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၂၅(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁၅-၄-၂၀၂၅(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခိုင်ဝင်း
**လမ်းမတော်မြို့နယ်၊ ၉-လမ်း၊ မိသားစုဓမ္မာရုံ(ဥက္ကဋ္ဌ)**
**မြို့နယ်ပရိယတ္တိထောက်ပံ့ရေးကော်မတီ၊**
**အလယ်တိုက်ကျောင်း၊ လမ်းမတော်မြို့နယ်(စာရင်းစစ်)**
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်-၈၃၂၊ မဟာဗန္ဓုလလမ်းနှင့် ၉-လမ်းထိပ်နေ ဒေါ်တင်လှ၏မွေးစားသား၊ (ဦးကျော်ဝင်း-ဒေါ်အုန်းမြင့်)တို့၏သား၊ ဒေါ်ညိုညိုဝင်း၊ ဦးခင်မောင်ဝေ-ဒေါ်ဖြူဖြူဝင်း တို့၏ ညီ/မောင်၊ (ဦးငွေအောင်) ၏ အစ်ကို၊ ဒေါ်အေးမြစန္ဒာ၊ ဦးအောင်ပြည့်ဖြိုး-ဒေါ်စန္ဒာလွင်၊ ဒေါ်စုမြတ်သန္တာတို့၏ ဦးလေး၊ မမွေးရန့်ကြိုင်၊ မနှိုင်းခက်ပန်းတို့၏အဘိုးလေး သည် ၁၄-၄-၂၀၂၅(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၄-၂၀၂၅ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၂၅ (တနင်္ဂနွေနေ့)နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ အရှေ့မင်းလမ်း၊ ကွင်းအမှတ်-၁၁၄၆ ခ၊ ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀.၄၉၉)ဧကအနက်မှ အလျား(၁၀)ပေ၊ အနံ(၂၀၀)ပေရှိမြေကွက်ကို လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသူများဖြစ်သော **ဒေါ်မေမြတ်မွန်[၁၂/လကန(နိုင်)၁၆၅၂၈၇]၊ ဒေါ်ဖြိုးအိမွန်[၁၂/လကန(နိုင်)၁၆၅၂၈၈]နှင့် ဦးရန်အောင်ထွန်း [၁၂/လကန(နိုင်)၁၉၄၃၈၉]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆိုသည် ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဥက္ကာဗိုလ်(LL.B)** **ဦးစိုင်းဟိန်းထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၆၁၅)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၁၉)**
**အမှတ်(၄၂)၊ သီတာအေး(၇)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၈၉၂၂၉၁၄၄၆**

---

## ဦးသက်ပိုင်စိုး(ဘ)ဦးစိုးပိုင် [၁၂/ဥကမ(နိုင်)၂၅၂၁၈၁]နှင့် အများသိစေရန်ကြေညာခြင်း

ဦးကောင်းမြတ်ကို(ဘ)ဦးခင်မောင်ဝင်း[၁၂/သကတ(နိုင်)၁၅၂၀၆၁]၊ အမှတ်(၃၃)၊ သုမနလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်နေသူက ဦးသက်ပိုင်စိုး(ခ) ဦးစိုးပိုင် [၁၂/သကတ(နိုင်)၂၅၂၁၈၁]အား မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ရန်ကုန်မြို့၌ ၃၀-၈-၂၀၂၃ ရက်နေ့တွင် ကိုယ်စားလှယ်လွှဲစာအမှတ်စဉ်-၁၈၃၂၇ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ(Special Power) လွှဲအပ်ထားခြင်းကို (၁၅-၄-၂၀၂၅)နေ့မှစ၍ ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း ဦးသက်ပိုင်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းသူ**
**ဦးကောင်းမြတ်ကို(ခ)ဦးခင်မောင်ဝင်း**
**[၁၂/သကတ(နိုင်)၁၅၂၀၆၁]**

---

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
## ဦးစိုးတင်
**ကာကွယ်ရေးအရာရှိ(ငြိမ်း)**
## အသက်(၉၂)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၃၅၆)ဦးစိုးတင် သည် ၁၄-၄-၂၀၂၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## တပ်ကြပ်ကြီး ဒေါ်စန်းရွှေ
**တပ်မတော်ရေ(ငြိမ်း)**
## အသက်(၈၅)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၃၄၃၁၂)နေ ဦးစောမြထွန်း(တပ်မတော်ရေ-ငြိမ်း)၏ ဇနီး၊ ဒေါ်လှသန္တာ (ညွှန်ကြားရေးမှူး၊ စီမံကိန်း၊ စိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန)၊ ဒေါ်မြစန္ဒာ၊ ဦးအောင်ကျော်ညွန့်- ဒေါ်သီတာလှိုင်၊ ဒေါ်စန်းသီတာတို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၄-၄-၂၀၂၅ ရက်နေ့ နံနက် ၁၀:၅၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၅-၄-၂၀၂၅ ရက်နေ့ နံနက် ၉ နာရီတွင် တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပြီး ၁၆-၄-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာတော်အရှင်သူမြတ်တို့ကို ဆွမ်းဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှသောင်း
**လ/ထ ထွေဂျာ(ငြိမ်း)၊ စက်မှု/စားကုန်**
## အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ရွာ၊ (ဦးတင်မောင်-ဒေါ်အေးညွန့်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၃၁)နေ(ဦးစိန်ထွန်း-ဒေါ်ညွန့်ညွန့်) တို့၏သားသမက်၊ ဦးသိန်းလွင်-ဒေါ်နုနု၊ ဦးတိုးအောင်နိုင်-ဒေါ်ဝင်းကြည် တို့၏အစ်ကို၊ ဒေါ်ဆွေဆွေသန်း(ခ)အပြုံး၏ ခင်ပွန်း၊ မစုမြတ်ထိုက်၏ မွေးသဖခင်သည် ၁၄-၄-၂၀၂၅(တနင်္လာနေ့)နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ဗဟန်းနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၅(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် မိတ်ဆွေအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်မှတ်-D/၃၀၁၊ (၄လွှာ/ယာ) နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မြင့်လေး (ခ) ဦးပြည့်စုံ [၁၂/မဂတ(နိုင်)၀၉၄၅၁၀] နှင့် မြန်မာရွှေတောင်ကုမ္ပဏီ၏ ဒါရိုက်တာ ဦးကျော်စွာဦး [၁၂/တမန(နိုင်)၀၈၁၈၇၆]တို့သည် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး (၂၀၂၂) ခုနှစ်၊ နှစ်ကုန်ခန့်တွင် ဦးဇော်မြင့်လေး(ခ)ဦးပြည့်စုံ ကျန်းမာရေးမကောင်းသဖြင့် လုပ်ငန်းများဦးစီး လုပ်ကိုင်နိုင်ခြင်းမရှိသည့်အတွက် လုပ်ငန်းများ ကြီးကြပ်သူအင်ဂျင်နီယာ ဦးငွေမင်းလှိုင်အား ကျွန်ုပ်မိတ်ဆွေ၏ Zaw Winner Travel & Tour Co., Ltd. နှင့် Tun Biggest Star Co., Ltd. တို့တွင် အသုံးပြုသည့် Letter Head များ၊ ကုမ္ပဏီစည်းတံဆိပ်တုံး၊ ဒါရိုက်တာအမည်ပါ တံဆိပ်တုံးများကို ပေးအပ်၍ ငွေထုတ်ရန်နှင့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရန် ယုံကြည်စွာအပ်နှံထားခဲ့ပါသည်။ (၂၁-၂-၂၀၂၅) ရက်နေ့တွင် ဦးကျော်စွာဦး ဘက်မှ ကျွန်ုပ်မိတ်ဆွေ၏ အစ်မဖြစ်သူ ဒေါ်တင်တင်အေး [၁၂/မဂတ(နိုင်)၁၈၀၇၉၁]ထံ လာရောက်၍ Letter Head အလွတ် (၃) စောင်ပေါ်တွင် လက်မှတ်နှင့် လက်ဗွေများ ရေးထိုးရယူသွားခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီ Letter Head တံဆိပ်တုံးများ အသုံးပြုဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့်ကိစ္စရပ်များသည် ကျွန်ုပ်၏မိတ်ဆွေ မောင်နှမနှစ်ဦးနှင့် လုံးဝသက်ဆိုင်မှုမရှိဘဲ ယင်းသို့ဆောင်ရွက်သူများ၌သာ တာဝန်ရှိမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **၁။ ဦးဇော်မြင့်လေး (ခ) ဦးပြည့်စုံ** | **ဦးမျိုးမြင့်အောင်** |
| **၂။ ဒေါ်တင်တင်အေး** | **LL.B., WIPO (Switzerland)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၇၅၅၈/၂၀၀၈)** |
| | **အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊** |
| | **ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၅၁၆၉၄၁၉၊ ၀၉-၉၅၅၁၆၉၄၁၉** |

---

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဖျာပုံမြို့နယ်၊ ရေဆင်းကျေးရွာနေ ကျွန်မ မလှယမင်းအောင် (ဘ) ဦးလှငွေး [၉/ပမန(နိုင်)၂၅၈၀၄၅]နှင့် ဖျာပုံမြို့နယ်၊ ကိုအောင်ဇင်ဝင်း (ဘ) ဦးစိုးဝင်း [၉/မထလ(နိုင်)၂၅၉၄၅၅]တို့သည် လွန်ခဲ့သော (၅)နှစ်ခန့်က လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ကိုအောင်ဇင်ဝင်းနှင့် ကျွန်မ မလှယမင်းအောင်တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၁၃-၄-၂၀၂၅ ရက်နေ့တွင် အသိသက်သေများနှင့် နှစ်ဖက်မိဘများရှေ့မှောက်တွင် ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်းစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသောကြောင့် ၎င်းကိုအောင်ဇင်ဝင်းနှင့် ကျွန်မသည် ပတ်သက်မှုမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မလှယမင်းအောင်**
**[၉/ပမန(နိုင်)၂၅၈၀၄၅]**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မူမူသင်း
## အသက်(၇၁)နှစ်

သထုံမြို့နေ (ဦးဘခင် -ဒေါ်လှသီ)တို့၏ သမီး၊ (ဦးထွန်းစိန်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ ဗိုလ်ဖိုးစောလမ်း၊ အမှတ်-၉၆၁ နေ ဦးအေးစိုး-ဒေါ်ဇာဇာဝင်းဦးတို့၏ မိခင်ကြီး၊ မောင်ကောင်းဇော်၊ မောင်ကောင်းဇေတို့၏ အဘွား၊ (ဦးဝင်းဦး)၏ ဇနီးဖြစ်သူ ဒေါ်မူမူသင်း အသက်(၇၁) နှစ်သည် ၁၃-၄-၂၀၂၅ (တနင်္ဂနွေနေ့) ညနေ ၆:၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၅-၄-၂၀၂၅ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပြီး ၁၇-၄-၂၀၂၅ (ကြာသပတေးနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးမြဇင်
## အသက်(၈၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နေ (ဦးလှဖေ-ဒေါ်ငွေမြိုင်)တို့၏သား၊ (ဦးဆယ်တင်-ဒေါ်အေးမိ)တို့၏ သားသမက်၊ ဦးအောင်သွင်ကျော်-ဒေါ်ခင်ယုကြည်၊ ဦးစိုးတင်လင်း-ဒေါ်ကလျာစိုး၊ ဦးအေးမင်းချို-ဒေါ်အိအိခိုင်၊ (ဦးသူရိန်စိုး)-ဒေါ်တင်မိုးဖြူတို့၏ဖခင်၊ မြေး (၁၀)ယောက်တို့၏ အဘိုး၊ (ဒေါ်ပန်ကြည်)၏ ချစ်လှစွာသော ခင်ပွန်း ဦးမြဇင်သည် ၁၃-၄-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်သဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၄-၄-၂၀၂၅(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြဇင်
## အသက်(၈၅)နှစ်

သူငယ်ချင်း စိုးတင်လင်း-ဒေါ်ကလျာစိုး တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးမြဇင် အသက်(၈၅)နှစ်သည် ၁၃-၄-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဦးဘခင်လမ်း၊ မြေကွက်အမှတ်-၄၃၃ ဟုခေါ်တွင်သော (၄၀x၆၀)ပေ အကျယ်အဝန်းရှိ **နော်စုစု(ခ)ဒေါ်သူသူမေ အမည်ပေါက် မြေငှားစာချုပ်**အမျိုးအစား မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော(ခေါင်းရင်းဘက်ခြမ်း)၊ (၂၃ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင် ထားသော **ဒေါ်နော်လှဖော၏သားဖြစ်သူ ဦးစောအောင်ထူးပိုင် [၁၄/ပသန(နိုင်)၂၁၄၃၀၈]**မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သန္တာဆွေ(LL.M)** | **ဒေါ်နော်ဆည်းဇာ(LL.B)** | **ဦးကျော်ဇေယျ (LL.B)** |
| **(စဉ်-၁၀၄၀၇/၁၅)** | **(စဉ်-၁၂၆၃၇/၁၇)** | **(စဉ်-၁၃၁၈၁/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** | |
| **(စဉ်-၁၃၂၄၀/၁၇)** | **(စဉ်-၁၄၇၁၁/၁၈)** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀၇၂၊ ယသသဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၆၈၅၀၈၊ ၀၉-၉၄၀၀၀၀၄၉၉**


---

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

---

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့် ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...**

❖ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## PENANE INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာဂျူဒိုအသင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခု ဆွတ်ခူးရရှိ

နေပြည်တော် မေ ၁၄


၂၀၂၅ ခုနှစ် မေ ၁၁ ရက်မှ ၁၃ ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့တွင် ကျင်းပခဲ့သည့် PENANE INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲသို့ မြန်မာဂျူဒိုအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၂၅ ခုနှစ် မေ ၁၂ ရက် (ဂျူနီယာတန်း)ပြိုင်ပွဲ ပွဲစဉ်များအပြီး အသက် ၁၂ နှစ်အောက် –36 kg ပြိုင်ပွဲတွင် မြန်မာအသင်းမှ မအိချစ်ဆုစံက ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ –38 kg ပြိုင်ပွဲတွင် မောင်မြတ်ဘုန်းခန့်က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ အသက် ၁၀ နှစ်အောက် –24 kg ပြိုင်ပွဲတွင် မောင်သျှန်ကောင်းဆက်ပိုင်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ –28 kg ပြိုင်ပွဲတွင် မောင်ကောင်းကင်မင်းစစ်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ –32 kg ပြိုင်ပွဲတွင် မောင်အောင်ဇေထက်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ –32 kg ပြိုင်ပွဲတွင် မခေတ်စံနန်းထွဋ်က ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်ပြီး မေ ၁၃ ရက် ဝိတ်တန်းများအလိုက် (စီနီယာတန်း) ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ –55 kg ပြိုင်ပွဲတွင် မြန်မာအသင်းမှ မောင်ထိုက်ထိုက်ကျော်က ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ –57 kg ပြိုင်ပွဲတွင် မပိုးအိအိလွင်က ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ +70 kg ပြိုင်ပွဲတွင် မနန်းသဲနုနုစံက

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○



## မန်ယူအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး နယူးကာဆယ်အသင်း အဆင့်(၄)နေရာ တက်လှမ်း



နယူးကာဆယ်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပရီမီယာလိဂ်ပွဲစဉ်(၃၂)ရဲ့ မေ ၁၃ ရက် ညပိုင်း နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ နယူးကာဆယ်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ နယူးကာဆယ်အသင်းက မန်ယူအသင်းကို အနိုင်ရပြီး ပရီမီယာလိဂ် အဆင့် (၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်နယူးကာဆယ်အသင်းက မန်ယူအသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နယူးကာဆယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်မှာ တိုနာလီကတစ်ဂိုး၊ ၄၉ မိနစ်နဲ့ ၆၄ မိနစ်မှာ ဘားနက်စ်ကနှစ်ဂိုး၊

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ မဟာသင်္ကြန်ပွဲတော်အကျနေ့၌ ကုသိုလ်ကောင်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိ စာမျက်နှာ » ၁၂

နေပြည်တော်ကောင်စီနယ်မြေ၌ မြန်မာ့ရိုးရာသင်္ကြန် အကျနေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး အေးသင်္ကြန် ဆက်လက်ကျင်းပ စာမျက်နှာ » ၁၃

မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ကာလတွင် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(BE.FALLS)၌ ပြည်သူများ အေးချမ်းစွာလာရောက်အပန်းဖြေ စာမျက်နှာ » ၁၅